မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၇ ၂၀၁၄ ခု၊ မတ်လ

- ရခိုင်ပြည်နယ်စစ်တွေမြို့မှ INGO ဝန်ထမ်းများ၏ရုံးများနှင့် အိမ်များအား ရိုဟင်ဂျာဆန့်ကျင်ရေးအုပ်စုများက အကြမ်းဖက်တိုက်ခိုက်ကြကာ ဒါဇင်ပေါင်းများစွာအားအတင်းအကြပ်ထွက်ပြေးစေခဲ့ပြီး မိန်းကလေးငယ်တဦးသေဆုံးသွားခဲ့သည်။ နိုင်ငံတကာမှ ငွေကြေးထောက်ပံ့ခဲ့သောသန်းခေါင်စာရင်းကောက်ယူမှုမှ ရိုဟင်ဂျာများကိုဖယ်ထုတ်ထားရန်အတွက် ထိုအကြမ်းဖက်မှုများအား အစိုးရကအသုံးချခဲ့သည်။
- နိုင်ငံတကာအသိုင်းအဝိုင်းကအစိုးရအား စစ်တွေရှိအကူအညီပေးရေးဝန်ထမ်းများအတွက် လုံခြုံမှု၊ အန္တရာယ်ကင်းမှုတို့ပြန်လည်ရရှိစေရေး လုပ်ဆောင်ပေးပါရန်၊ လူအုပ်စုဖြင့်တိုက်ခိုက်မှုများတွင်ပါဝင်သော သူများအားအရေးယူပေးပါရန်နှင့် တရားမျှတသောသန်းခေါင်စာရင်း ကောက်ယူမှုအားဆက်လက်ပြုလုပ်ပါရန်တိုက်တွန်းခဲ့သည်။
- ဘာသာခွဲများအကြား လက်ထပ်ထိမ်းမြားခြင်းအား တားမြစ်လိုက်ကာ ခွဲခြားဖိနှိပ်သောဘာသာရေးဥပဒေများကို အစိုးရကရှေ့သို့အတင်းတိုးမြှင့်လုပ်ဆောင်လိုက်သည်။
- ရန်ကုန်တိုင်း၊ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှ လုပ်ငန်းများအား ပြန်လည်လုပ်ဆောင်နိုင်ရန် MSF အားအစိုးရမှခွင့်ပြုလိုက်သော်လည်း ရခိုင်ပြည်နယ်မှရိုဟင်ဂျာထောင်သောင်းများစွာတို့ကိုမူ လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုမရှိပဲပစ်ထားခဲ့သည်။
- အစိုးရ၏ဒုတိယအကြိမ် စုံစမ်းစစ်ဆေးရေးကော်မရှင်က ရှာဖွေတွေ့ရှိချက်များကို ပြည်သူတို့အားထုတ်ပြန်ခဲ့သော်လည်း ဒူးချီးယားတန်းအကြမ်းဖက်မှုနှင့်ပတ်သက်၍မူ ထဲထဲဝင်ဝင်ရှင်းရှင်းလင်းလင်း မဖော်ပြနိုင်ခဲ့ပါ။
- အစိုးရတပ်များသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှအရပ်သားများအား ပြင်းထန်သောလူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေကြသည်။ ရှမ်းပြည်နယ်တပ်မတော်-မြောက်ပိုင်း (SSA-N)နှင့် ကချင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အား ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ထိုးစစ်များဆက်လက်ပြုလုပ်နေခဲ့သည်။
- အမျိုးသားလွှတ်တော်မှ ကန့်သတ်သောစာနယ်ဇင်းဥပဒေနှစ်ခုအား အတည်ပြုပေးလိုက်သည့်အတွက် စာနယ်ဇင်းလွတ်လပ်ခွင့်မှာ နောက်သို့ခြေတလှမ်းဆုတ်သွားခဲ့ရသည်။
- မုံရွာ (လက်ပံတောင်း) ကြေးနီမိုင်းနှင့်ဆက်စပ်သော မြေယာသိမ်းယူခဲ့မှုများအားဆန့်ကျင်ဆန္ဒပြခဲ့သည့် ဒေသခံရွာသားများအားကူညီခဲ့သည့်အတွက် တက်ကြွလှုပ်ရှားသူကိုသော်ဇင်အား ထောင်ဒဏ် ၁၅

ဤသတင်းလွှာတွင်

ပင်မသတင်း

၂ အစိုးရကမွတ်စလင်ဆန့်ကျင်ရေး၊ ရိုဟင်ဂျာဆန့်ကျင်ရေးကိစ္စများအား အတင်းရှေ့ဆက်လုပ် ဆောင်

၃ ရိုဟင်ဂျာဆန့်ကျင်ရေးအုပ်စုများက နိုင်ငံခြားသားကူညီကယ်ဆယ်ရေးဝန်ထမ်းများအား တိုက် ခိုက်၊ ကလေးတဦးသေဆုံး

၄ နိုင်ငံတကာအသိုင်းအဝိုင်းက လွှန်မင်းစွာစိုးရိမ်၊ အစိုးရကစုံစမ်းမှုလုပ်ရန်ကတိပေး

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

၅ နဝမအကြိမ်မြောက်လွှတ်တော်အစည်းအဝေး ပြီးဆုံး

၇ သတင်းထောက်များအပေါ်ကန့်သတ်မှုများစ တင်လာ

၇ ရခိုင်ပြည်နယ်တွင်နယ်စည်းမခြားဆရာဝန်များအဖွဲ့ လုပ်ငန်းများရပ်ဆိုင်းထားဆဲ၊ ရိုဟင်ဂျာများအတွက်ကျန်းမာရေးစောင့်ရှောက်မှုမရှိ

၈ ဒုတိယအကြိမ်စုံစမ်းစစ်ဆေးမှုကော်မရှင်က စံနှုန်းနှစ်မျိုးသုံးစွဲနေ

၈ ရှမ်းနှင့်ကချင်အရပ်သားများညှင်းပန်းနှိပ်စက်ခံရ

၉ ရှမ်းပြည်နယ်မြောက်ပိုင်းမှထိုးစစ်များ

၁၀ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် တိုးတက်မှုနှေးကွေး၊ ယုံကြည်မှုမှာယိုင်နဲ့ဆဲ

လူ့အခွင့်အရေး

၁၀ စာနယ်ဇင်းလွတ်လပ်ခွင့်အတွက်နောက်ဆုတ်သွားသောခြေတလှမ်း

၁၁ ချုပ်ချယ်သောဥပဒေများဖြင့် ပိုမိုဖမ်းဆီး၊တရားစွဲ၊ထောင်ချ

၁၂ UN - အသွင်ကူးပြောင်းရေးအကဲဆတ်ဆဲ

၁၃ UNHCR မှမြန်မာနိုင်ငံအတွက်ဆုံးဖြတ်ချက်ချ

၁၃ ACSC/APF မှလူ့အခွင့်အရေးကာကွယ်ရေးအတွက်နောက်ထပ်ယန္တရားများရှိရန်တောင်းဆို

၁၃ ဗိုလ်ချုပ်ကြီးဟောင်းမှတောင်းပန်

စီးပွားရေး

၁၄ အစိုးရမှရေနံလုပ်ကွက်လုပ်ကိုင်ခွင့်ရသူများအားကြေငြာ

၁၅ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တွင်အန္တရာယ်မြင့်မား၊ ဒုတိယအကန့်အသတ်အများဆုံးအဖြစ်သတ်မှတ်ခံရ

၁၅ SEZ ဖွံ့ဖြိုးရေး တိုးတက်မှုမတည်ငြိမ်

၁၆ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁၈ အစီရင်ခံစာများ

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

လချမှတ်ခဲ့သည်။

- UN လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တခုအား အားလုံး၏တခဲနက်ဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့ကာ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးအထူး ကိုယ်စားလှယ်၏လုပ်ပိုင်ခွင့်ကို နောက်ထပ်တနှစ်သက်တမ်းထပ်တိုးလိုက်သည်။
- ၁၀ ကြိမ်မြောက်အာဆီယံလူထုလူ့အဖွဲ့အစည်းများကွန်ဖရင့်/အာဆီယံလူထုတွေ့ဆုံပွဲမှ ပူးတွဲကြေငြာချက်တစောင် ထုတ်ပြန်လိုက်ကာ အာဆီယံဒေသတွင်း၌ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုယန္တရားများ ပိုမိုဖွံ့ဖြိုးလာစေရန် တောင်းဆိုလိုက်သည်။
- မြန်မာနိုင်ငံအနောက်နှင့်တောင်ဘက်ကမ်းရိုးတန်းများနှင့် မုတ္တမပင်လယ်ကွေ့ရှိကမ်းလွန်ရေနံလုပ်ကွက်များအား လုပ် ကိုင်ခွင့်ရရှိသည့်ကုမ္ပဏီ ၁၂ ခုအားအစိုးရစွမ်းအင်ဝန်ကြီးဌာနမှကြေငြာခဲ့သည်။

ပင်မသတင်း

အစိုးရကမွတ်စလင်ဆန့်ကျင်ရေး၊ ရိုဟင်ဂျာဆန့်ကျင်ရေးကိစ္စများအားအတင်းရှေ့ဆက်လုပ်ဆောင်

ရိုဟင်ဂျာများအားလူသားချင်းစာနာမှုဆိုင်ရာအကူအညီများပံ့ပိုးပေးသည့်အတွက် INGO များအပေါ်ဖြစ်တည်နေသည့် ဒေါသနှင့် သန်းခေါင်စာရင်းကောက်ယူမှုတွင် ရိုဟင်ဂျာများအားမိမိကိုယ်ကိုရိုဟင်ဂျာအဖြစ်သတ်မှတ်ခွင့်ပြုသည်ဟူ သောအစိုးရ၏ အကြိုသဘောတူညီချက်တို့၏တွန်းအားများကြောင့်ဖြစ်ပေါ်လာသော မွတ်စလင်ဆန့်ကျင်ရေး၊ ရိုဟင်ဂျာ ဆန့်ကျင်ရေးလှိုင်းအသစ်က INGO များအားရခိုင်ပြည်နယ်မှမောင်းထုတ်ပစ်စေခဲ့ကာ ၁၁ နှစ်အရွယ်မိန်းကလေးတဦး သေဆုံးခဲ့ရသည်။ အကြမ်းဖက်မှုများသည် ရိုဟင်ဂျာများအား မတ်လ ၃၀ ရက်နေ့တွင်စတင်မည့် တနိုင်ငံလုံးအနှံ့ သန်းခေါင်စာရင်းကောက်ယူမှု၌ မိမိကိုယ်ကို ရိုဟင်ဂျာဟုပြောဆိုသတ်မှတ်နိုင်ရန်ခွင့်ပြုပါမည်ဟု နိုင်ငံတကာဖိအားများ ကြောင့်ပေးအပ်ထားသည့်ကတိအား အာဏာပိုင်များမှရှောင်လွှဲချိုးဖောက်နိုင်ရန်အတွက်လည်း အဆင်ပြေသောဆင်ခြေ တခုဖြစ်စေခဲ့သည်။

အကြမ်းဖက်မှုများသည် မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများနှင့်ပတ်သက်၍အစီရင်ခံခြင်း၊ ရိုဟင်ဂျာများအားအကူ အညီများပံ့ပိုးပေးခြင်းစသည်တို့ကြောင့် အမုန်းပွားစေရန်စည်းရုံးလှုံ့ဆော်ခြင်းခံနေကြရသော NGO နှင့် INGO များအား နှင့်ထုတ်ခြင်းအားဖြင့် ရိုဟင်ဂျာများနှင့်အခြား IDP များအားသီးခြားအဆက်ဖြတ်ခံထားရစေရန်ပြုလုပ်နေဆဲဖြစ်သည့် စည်းရုံးလှုံ့ဆော်မှုများ၏ အစိတ်အပိုင်းတခုပင်ဖြစ်ပါသည်။

အကြမ်းဖက်မှုများမတိုင်ခင်နှင့်ဖြစ်ပွားအပြီးတို့တွင် အစိုးရနှင့်အခြားအစိုးရမှကျောထောက်နောက်ခံပြုထားသောအုပ်စု များက ရိုဟင်ဂျာများနှင့်မွတ်စလင်များ၏အခွင့်အရေးနှင့်၎င်းတို့အားအကာအကွယ်ပေးမှုများအား နိမ့်ကျလျော့နည်းသွား စေရန်ရည်ရွယ်ပြုလုပ်ထားသော ရိုဟင်ဂျာဆန့်ကျင်ရေးနှင့်မွတ်စလင်ဆန့်ကျင်ရေးစီမံလုပ်ဆောင်မှုများကို ရှေ့တိုးလုပ် ဆောင်လာကြသည်။

- **မတ်လ ၈ ရက်၊ မွတ်စလင်ဆန့်ကျင်ရေးဥပဒေရေးဆွဲရန်ကော်မရှင်** - ဘာသာကူးပြောင်းခြင်း၊လူဦးရေထိန်းချုပ်ခြင်း တို့နှင့်သက်ဆိုင်သော ဥပဒေကြမ်းနှစ်ခုကိုရေးဆွဲရန်အတွက် အစိုးရသမ္မတရုံးမှအမိန့်ဖြင့် အဖွဲ့ဝင် ၁၂ ဦးပါကော်မရှင် ကိုဖွဲ့စည်းလိုက်ကြောင်းအစိုးရပိုင် New Light of Myanmar သတင်းစာကကြေငြာခဲ့သည်။ "မျိုးစောင့်ဥပဒေ" ဟုရည် ညွှန်းလေ့ရှိသော ထိုဥပဒေများသည် ဗုဒ္ဓဘာသာအမျိုးသမီးများအား မွတ်စလင်အမျိုးသားများမှလက်ထပ်ထိမ်းမြားခြင်း အား ကာကွယ်တားဆီးရန်ရည်ရွယ်ထားကာ မွတ်စလင်များအပေါ်အခြားကန့်သတ်မှုများကိုလည်း တင်ပြထားသည်။ သမ္မတဦးသိန်းစိန်က အဆိုပြုချက်များမှ ဘာသာမတူသူများအကြားလက်ထပ်ထိမ်းမြားမှုနှင့် တလင်တမယားစနစ် ဥပဒေအပိုင်းများအား ဇဟိုတရားရုံးချုပ်မှရေးဆွဲရမည်ဟု ပြောကြားခဲ့သည်။
- **မတ်လ ၁၀ ရက်၊ အစွန်းရောက်ခေါင်းဆောင်မှမွတ်စလင်ဆန့်ကျင်ရေးစိတ်ခံစားမှုအမြင်များဖြစ်လာစေရန်လှုံ့ဆော်ပေး** - စောစောပိုင်းကဖြစ်ပွားခဲ့သောမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများမှာကဲ့သို့ပင် ၉၆၉ လှုပ်ရှားမှုခေါင်းဆောင်

အစွန်းရောက်ဘုန်းတော်ကြီးဦးဝီရသူသည် ဒေသတွင်းသို့ရောက်ရှိလာကာအနည်းဆုံးဆန္ဒပြမှုတခုတွင်ပါဝင်ခဲ့သည်။ နောက်ရက်များ၌ ရခိုင်ပြည်နယ်စစ်တွေ၊ ကျောက်တော်၊ ပေါက်တော၊ ပုဏ္ဏားကျွန်းတို့တွင် ရခိုင်ဗုဒ္ဓဘာသာများအတွက် ဗုဒ္ဓဘာသာအားကာကွယ်စောင့်ရှောက်ခြင်းနှင့်အမျိုးသားရေးလက္ခဏာများအားထိန်းသိမ်းခြင်းတို့နှင့်ပတ်သက်သည့် တရားပွဲများကျင်းပခဲ့သည်။

- **မတ်လ ၁၁ ရက်၊ ကော်မရှင်မှ "ဒုံးချီးယားတန်း" အကြမ်းဖက်မှုအားငြင်းဆို** - ကော်မရှင်၏အစီရင်ခံစာက ဇန်နဝါရီလ အကြမ်းဖက်မှုတွင် ရိုဟင်ဂျာမွတ်စလင် ၄၈ ယောက်အသတ်ခံရသည်ဟူသော သက်သေအထောက်အထားမတွေ့ရှိရပါဟုဖော်ပြထားသည်။[အောက်မှ *ဒုတိယအကြိမ်စုံစမ်းစစ်ဆေးမှုကော်မရှင်က စံနှုန်းနှစ်မျိုးသုံးစွဲနေ* တွင်ကြည့်ပါ။]
- **မတ်လ ၁၃ ရက်၊ ပြည်နယ်လွှတ်တော်မှ NGO နှင့် INGO များအားပိတ်ပင်** - ရခိုင်ပြည်နယ်လွှတ်တော်က မငြိမ်မသက်မှုများဖြစ်ပေါ်လာစေရန်လှုံ့ဆော်သည်ဟုစွပ်စွဲကာ ရခိုင်ပြည်နယ်တွင်းမှမှတ်ပုံတင်မထားသော NGO နှင့် INGO အားလုံးအားတားမြစ်ပိတ်ပင်ရန် အဆိုကိုကန့်ကွက်သူမရှိအတည်ပြုခဲ့ကြသည်။
- **မတ်လ ၁၆ ရက်၊ ရိုဟင်ဂျာများ၏တည်ရှိမှုကိုငြင်းဆိုသည့်ဆန္ဒပြမှု** - ရခိုင်ပြည်နယ်မြေပုံမြို့နယ်မှ သန်းခေါင်စာရင်းတွင်ရိုဟင်ဂျာဟူသောအမည်အားသုံးစွဲခြင်းကိုတားမြစ်ကာ ၁၉၈၂ ခုနိုင်ငံသားပြုမှုဥပဒေအားချက်ချင်းအကောင်အထည်ဖော်ရန်တောင်းဆိုသည့် ဆန္ဒပြပွဲသို့အစွန်းရောက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးဦးဝီရသူမှတက်ရောက်ခဲ့သည်။ သူက "ငါတို့နိုင်ငံမှာ ရိုဟင်ဂျာ ဆိုတဲ့နာမည်လုံးဝမရှိဘူး" ဟုပြောဆိုကာ ဆန္ဒပြသူများအား အားပေးခဲ့သည်။
- **မတ်လ ၂၀ ရက်၊ ဥပဒေသစ်ကရိုဟင်ဂျာများအားနိုင်ငံရေးပါတီများတည်ထောင်ခြင်းမှတားမြစ်ပိတ်ပင်** - ရိုဟင်ဂျာအများအပြားကိုင်ဆောင်ထားသည့် ယာယီမှတ်ပုံတင်ကိုင်ဆောင်သူများမှနိုင်ငံရေးပါတီထူထောင်ခွင့်အား ပယ်ဖျက်ထားသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအားပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှအတည်ပြုလိုက်သည်။ ထိုပြင်ဆင်မှုဥပဒေသည် အတည်ပြုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သို့ရောက်ရှိသွားပြီဖြစ်သည်။
- **မတ်လ ၂၉ ရက်၊ ရိုဟင်ဂျာများအားသန်းခေါင်စာရင်းမှချန်လှပ်ထား** - သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က "အိမ်ထောင်စုတခုကသူတို့ကိုယ်ကိုသူတို့ ရိုဟင်ဂျာလို့သတ်မှတ်စေချင်တယ်ဆိုရင် အဲ့ဒီအိမ်ထောင်စုကိုကျွန်တော်တို့ မှတ်ပုံတင်မှာမဟုတ်ပါဘူး။" ဟုပြောကြားလိုက်ကာ အမျိုးသားသန်းခေါင်စာရင်းကောက်ယူမှုတွင် ရိုဟင်ဂျာများအား မိမိတို့ကိုယ်ကိုရိုဟင်ဂျာအဖြစ်သတ်မှတ်ခွင့်ပြုမည်မဟုတ်ကြောင်းကြေငြာခဲ့သည်။ မတ်လ ၃၀ ရက်နေ့တွင် ယခင်ကသန်းခေါင်စာရင်းကောက်ယူမှုအား သပိတ်မှောက်မည်ဟုခြိမ်းခြောက်ထားသော ရခိုင်ပြည်လုံးဆိုင်ရာသန်းခေါင်စာရင်းကော်မတီ (ARCC) အား ကျေနပ်စေအောင်ပြုလုပ်ကာ သန်းခေါင်စာရင်းကောက်ယူသူများကအချက်အလက်ကောက်ယူမှုလုပ်ငန်းများအား စတင်ခဲ့ကြသည်။

ရိုဟင်ဂျာဆန့်ကျင်ရေးအုပ်စုများက နိုင်ငံခြားသားကူညီကယ်ဆယ်ရေးဝန်ထမ်းများအားတိုက်ခိုက်၊ ကလေးတဦးသေဆုံး

ရခိုင်ပြည်နယ်စစ်တွေမြို့တွင် မတ်လ ၂၆ နှင့် ၂၇ ၌ အမျိုးသားသန်းခေါင်စာရင်းကောက်ယူမှုတွင် ရိုဟင်ဂျာများအားမိမိတို့ကိုယ်ကို ရိုဟင်ဂျာဟုသတ်မှတ်နိုင်ရန်ခွင့်ပြုခဲ့သော အစိုးရအားလည်းကောင်း၊ ရိုဟင်ဂျာများအားကူညီပေးခဲ့သောနိုင်ငံတကာအကူအညီပေးရေးအေဂျင်စီများအားလည်းကောင်း ဒေါသထွက်ခဲ့ကြကာ အစွန်းရောက်ရခိုင်ဗုဒ္ဓဘာသာအုပ်စုများသည် လမ်းများပေါ်သို့ထွက်လာခဲ့ကြသည်။ ထိန်းမနိုင်သိမ်းမရသောစိတ်ခံစားမှုများသည် အနည်းဆုံး အိမ် ၂၉ လုံး၊ ဂိုထောင် ၇ လုံး၊ ကား ၂ စီးအားဖျက်ဆီးခံရခြင်း၊ အချက် ၁၂၀ ကျော်ခြိမ်းခြောက်သတိပေးပစ်ခတ်ရခြင်း၊ ၁၁ နှစ်အရွယ်မိန်းကလေးတဦးသေဆုံးရခြင်း၊ အကူအညီပေးရေးဝန်ထမ်း ၇၀ ကျော်အားအရေးပေါ်နေရာရွှေ့ပြောင်းပေးရခြင်း၊ ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့ရခြင်း စသည်တို့ဖြစ်လာရသည်အထိမြင့်တက်လာခဲ့သည်။

ဂျာမဏီအခြေစိုက်အကူအညီပေးရေးအေဂျင်စီ Malteser မှပရော့ဂျက်ကိုအော်ဒီနေတာ Yvonne Dunton က ရိုဟင်ဂျာဆန့်ကျင်ရေးသင်္ကေတတခုဖြစ်လာသော ဗုဒ္ဓဘာသာ သာသနာအလံအား ၎င်းတို့၏ရုံးအဆောက်အဦးမှဖယ်ရှားလိုက်သည်မှစကာ အကြမ်းဖက်မှုများအားစတင်ဖြစ်ပွားစေခဲ့ခြင်းဖြစ်သည်။ ဒေါသထွက်နေသောလူအုပ်စုသည် ရုံးအပြင်ဘက်တွင်စုဝေးနေခဲ့ကြကာ သူမ၏အိမ်အထိလိုက်ပြီးအော်ဟစ်ကြပြီးပြတင်းတံခါးများအား ရိုက်ခွဲခဲ့ကြသည်။ ဒန်တွန် Dunton နှင့်သူမ၏ခင်ပွန်းတို့အား လုံခြုံမှုရှိစေရန်အတွက် ရဲအစောင့်အရှောက်များဖြင့်ကယ်ထုတ်ခဲ့ရသည်။

- **မတ်လ ၂၆** - ရခိုင်ပြည်နယ်စစ်တွေမြို့မှ ဂျာမဏီနိုင်ငံအခြေစိုက် Malteser International ရုံးပတ်ပတ်လည်တွင် အနည်းဆုံးရခိုင်ဗုဒ္ဓဘာသာဝင် ၃၀၀ ခန့်တို့ဝိုင်းထားပြီး အဆောက်အဦးအားခဲများဖြင့်ပစ်ခတ်ခြင်း၊ ပြတင်းတံခါးပေါက်

များအားရိုက်ချိုးခြင်း၊ ဝန်ထမ်းများအားထွက်ပြေးရအောင်ပြုလုပ်ခြင်းများပြုလုပ်ခဲ့ကြသည်။ ရဲများကအုပ်စုကွဲသွားစေရန်အတွက် လူအုပ်စုအားအနည်းဆုံးသေနတ်အချက် ၄၀ ခန့်ခြိမ်းခြောက်သတိပေးပစ်ခတ်ခဲ့ရာ ထိုလူအုပ်စုများသည် အနီးအနားမှရုံးများအား တိုက်ခိုက်ရန်ထွက်ခွာသွားခဲ့ကြသည်။

- **မတ်လ ၂၇** - ရဲများကတားဆီးထားသော်လည်း ၁၀၀၀ ကျော်ခန့်ရှိမည်ဟု သတင်းရရှိသောရခိုင်ဗုဒ္ဓဘာသာအုပ်စုများသည် INGO ရုံးများနှင့်အိမ်များကိုခဲများဖြင့်ပစ်ပေါက်ရန် ထိုနေရာများသို့ရောက်ရှိလာကြသည်။ ရဲများက INGO ဝန်ထမ်းများအားအတင်းကယ်ထုတ်ကာ လုံခြုံစေရန်ထိန်းသိမ်းထားပေးခဲ့ရသည်။ ထိုအထဲတွင် နိုင်ငံခြားသား ၃၀ ခန့် အပါအဝင် အဖွဲ့ ၉ ဖွဲ့မှကူညီကယ်ဆယ်ရေးဝန်ထမ်း အနည်းဆုံး ၇၀ ခန့်ပါဝင်ကြသည်။
- **မတ်လ ၂၇** - စစ်တွေမှကမ္ဘာ့စားနပ်ရိက္ခာရုံးအပြင်ဘက်ရှိ လူအုပ်စုအားလူစုခွဲရန်အတွက်ရဲမှ ခြိမ်းခြောက်သတိပေးပစ်ခတ်သည့်အခါတွင် ဘေးသို့ထွက်လာသောကျည်ဆန်ထိမှန်ခံရပြီးမကြာခင်လေး၌ အသက် ၁၁ နှစ်ရှိထိုမိန်းကလေးသည်ဆေးရုံတွင်ကွယ်လွန်သွားခဲ့သည်။ အရေးပေါ်အက်ဥပဒေ ၁၄၄ အရ ည ၆ နာရီမှ မနက် ၆ နာရီအတွင်း ညမထွက်ရအမိန့်ကို စစ်တွေတွင်ထုတ်ပြန်ခဲ့ကြသည်။

Malteser က စစ်တွေတွင်လူအုပ်စုသည် UN နှင့်နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ရုံးအားလုံးနှင့်ပိုင်ဆိုင်မှုများ၏ ၉၀ % ကို တိုက်ခိုက်ခဲ့သည်ဟုဖော်ထုတ်ပြောကြားခဲ့သည်။ တိုက်ခိုက်ခံရသောအေဂျင်စီများမှာ အောက်ကဲစ်ဖင်န်၊ ကမ္ဘာ့လူသာရမ်ဖောင်ဒေးရှင်း၊ ယူနီဆက်ဖ်၊ ယူအင်အိုချာ၊ သွေးစည်းမှုဖောင်ဒေးရှင်း၊ အိုင်စီအာစီ၊ ယူအန်အိတ်ချ်စီအာ၊ ကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ်၊ အပြည်ပြည်ဆိုင်ရာMalteser၊ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (OXFAM, World Lutheran Foundation, UNICEF, UNOCHA, Solidarity International, ICRC, UNHCR, World Food Program, Malteser International and Médecins Sans Frontières (MSF)) တို့ပါဝင်ပါသည်။

အပြည်ပြည်ဆိုင်ရာ Malteser အဖွဲ့က ၎င်းတို့၏ကိုအော်ဒီနေတာသည် ၎င်းတို့၏လုပ်ငန်းများမှာလူမျိုးရေး၊ ဘာသာရေးတို့မှလုံးဝအမှီအခိုကင်းလွတ်ကြောင်းပြသရန် လုပ်ဆောင်ခဲ့ခြင်းသာဖြစ်ပါသည်ဟု မတ်လ ၂၈ ရက်နေ့တွင်ထုတ်ဖော်ပြောကြားခဲ့သည်။ INGO ကစစ်တွေရှိသူတို့၏ လုပ်ငန်းများကိုယာယီရပ်ဆိုင်းထားရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများပြန်လည်ပေးအပ်ရန်ချက်ချင်းလိုအပ်မှုကိုလည်း မီးမောင်းထိုးပြခဲ့သည်။ အပြည်ပြည်ဆိုင်ရာ Malteser အဖွဲ့သည် ရခိုင်ပြည်နယ်တွင်ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အကြီးဆုံး NGO များထဲမှတခုဖြစ်ကာ ပြီးခဲ့သည့်လကရခိုင်ပြည်နယ်မှမောင်းထုတ်ခံခဲ့ရသည့် နယ်စည်းမခြားဆရာဝန်များအဖွဲ့ပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်ပါသည်။ [*၂၀၁၄ခုဖေဖော်ဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။]

နိုင်ငံတကာအသိုင်းအဝိုင်းက လွှန်မင်းစွာစိုးရိမ်၊ အစိုးရကစုံစမ်းမှုလုပ်ရန်ကတိပေး

မတ်လတွင် အပြည်ပြည်ဆိုင်ရာမှအဖွဲ့အစည်းမျိုးစုံတို့က အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် သူတို့၏စိုးရိမ်မှုများကို ဖော်ထုတ်ပြောကြားခဲ့ကြသည်။

- **မတ်လ ၂၇ - EU ကကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ ရခိုင်ပြည်နယ်မှအကြမ်းဖက်မှုများအပေါ်သူတို့၏ စိုးရိမ်မှုများကိုဖော်ပြလိုက်ပြီး ကူညီကယ်ဆယ်ရေးဝန်ထမ်းများနှင့် INGO လုပ်ငန်းများအတွက် လုံခြုံဘေးကင်းမှုပြန်လည်ရရှိလာစေရန်တောင်းဆိုလိုက်သည်။**
- **မတ်လ ၂၇ - ရန်ကုန်ရှိအမေရိကန်သံရုံးက စစ်တွေမှအကြမ်းဖက်မှုများနှင့် ရခိုင်ပြည်နယ်တခုလုံးတွင် လုံလောက်သောလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တရားဥပဒေစိုးမိုးမှုမရှိခြင်းတို့ကြောင့် အလွန်အမင်းစိုးရိမ်မိကြောင်းပြောကြားခဲ့ကာ အကူအညီလိုအပ်နေသောလူထုအား တားဆီးမှုမရှိသောလူသားချင်းစာနာမှုဆိုင်ရာကူညီမှုများပံ့ပိုးပေးရန်နှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးဝန်ထမ်းများအတွက် လုံခြုံမှု၊ ဘေးကင်းမှုရှိရန်တို့မှာ အဓိကနိုင်ငံတကာစံနှုန်းများဖြစ်ကြောင်းလည်း အစိုးရအားသတိပေးပြောကြားလိုက်သည်။**
- **မတ်လ ၂၇ - ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် သူတို့၏စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ပြောကြားလိုက်ကာ လိုအပ်နေသောလူထုအားကူညီကယ်ဆယ်ရေးဝန်ဆောင်မှုများပေးအပ်နိုင်ရန်၊ UN နှင့် INGO ဝန်ထမ်းများအတွက် လုံခြုံသောဝန်းကျင်ရှိစေရန် စသည်တို့ကိုတောင်းဆိုလိုက်သည်။**

- **မတ်လ ၂၇** - မြန်မာနိုင်ငံဆိုင်ရာ UN ယာယီဥက္ကဋ္ဌနှင့်လူသားချင်းစာနာမှုဆိုင်ရာကိုအော်ဒီနေတာ တျိုင်လီကာဘာနော့ဗ် Toily Kurbanov က NGO **အသိုင်းအဝိုင်းအားအကာအကွယ်ပေးရန်နှင့် ကျူးလွန်သူများအားအရေးယူပေးပါရန်အစိုးရအား တိုက်တွန်းလိုက်သည်။ နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာများ၏ တည်ရှိမှုကိုလျှော့ချခြင်းသည် အထိအခိုက်မခံနိုင်သည့်အုပ်စုများအား အန္တရာယ်ဖြစ်စေနိုင်ပါသည်ဟု သူ၏စိုးရိမ်မှုကိုဖော်ပြလိုက်ကာ သို့သော်လည်း** UN **အေဂျင်စီများကရခိုင်ပြည်နယ်တွင် လုပ်ငန်းများပြန်လည်စတင်ရန်ဆုံးဖြတ်ပြီးဖြစ်သည်ဟု အခိုင်အမာပြောကြားလိုက်သည်။**
- **မတ်လ ၂၇** - **ဂျာမဏီအခြေစိုက်** Malteser **မှပြောရေးဆိုခွင့်ရှိသူ ဂျိုဟာန်းကယ်တန်ဘက်ချ်** Johannes Kaltenbach က သန်းခေါင်စာရင်းကောက်ယူခြင်းကိုအကူအညီပေးခြင်းမှတားဆီးနိုင်ရန်ကြိုးပမ်းသည့်အနေဖြင့် စစ်တွေမှနိုင်ငံတကာအကူအညီပေးရေးအုပ်စုများ၏ ရုံးများအားလုံးနီးပါးကိုအကြမ်းဖက်တိုက်ခိုက်ရန် ရခိုင်ဗုဒ္ဓဘာသာများက ကြိုတင်အကွက်ချစီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားကြောင်းသတင်းရရှိသည်။
- **မတ်လ ၂၈** - **လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ သုတေသနပြုသူဒေးဗစ်မက်သီစင်** David Mathieson က လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများအတွက် ပေါင်းစည်းမှုနှင့်လုံခြုံမှုသေချာစွာရှိစေရန်နှင့်ထိုသို့မဟုတ်ပါက စစ်မှန်ကျိုးကြောင်းဆက်စပ်မှုရှိသောအစိုးရတရပ်၏ တာဝန်များကိုပစ်ပယ်ချိုးဖောက်လိုက်ခြင်းသာဖြစ်မည့်အတွက် မြန်မာအစိုးရအား တောင်းဆိုကြပါရန် အစိုးရများအားတောင်းဆိုလိုက်သည်။
- **မတ်လ ၂၈** - **နိုင်ငံတကာဒုက္ခသည်များအဖွဲ့** (RI) **က ရိုဟင်ဂျာများသည် "တမင်ရည်ရွယ်ပြီးစနစ်တကျပြုလုပ်နေသောတိုက်ခိုက်မှုများ" နှင့်ရင်ဆိုင်နေကြရကာ ရခိုင်ပြည်နယ်တွင်နိုင်ငံတကာအဖွဲ့အစည်းများ၏ တည်ရှိမှုကိုလျှော့ချခြင်းသည်** IDP **ဒုက္ခသည်စခန်းများမှ အဖြစ်အပျက်များအား နိုင်ငံတကာအသိုင်းအဝိုင်းမှစောင့်ကြည့်၊ တုန့်ပြန်ပေးနိုင်သည့်လုပ်ဆောင်နိုင်စွမ်းအား ကျဆင်းစေခြင်းသာဖြစ်ပါသည်ဟု မီးမောင်းထိုးပြပြောဆိုလိုက်သည်။** RI **က ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီအပြည့်အဝရရှိစေရန်နှင့် ရိုဟင်ဂျာများအားလွတ်လပ်စွာလှုပ်ရှားခွင့်ပြုပါရန်၊ ရိုဟင်ဂျာများအပေါ်အမုန်းပွားစေမည့် ပြောကြားမှုများနှင့်ဖိစီးနှိပ်စက်မှုများအားရပ်တန့်လာစေရန်အတွက် အစိုးရအားဖိအားပေးကြပါရန်တောင်းဆိုလိုက်သည်။**
- **မတ်လ ၂၈** - **ပြည်နယ်တိုင်း၊ လူထုတိုင်းအတွက် တရားမျှတသော၊ အားလုံးပါဝင်သော၊ ပုံစံတခုတည်းဖြစ်သော ပုံစံ ဖြင့်သန်းခေါင်စာရင်းကောက်ယူရန်မှာအရေးကြီးကြောင်း၊ မေးခွန်းဖြေဆိုသူများမှမေးခွန်းများကိုဖြေကြားရာတွင် "စိုးရိမ်မှု၊ ခြိမ်းခြောက်ခံရမှု" မရှိပဲလုံခြုံစိတ်ချရသည်ဟု ခံစားလာရအောင်ပြုလုပ်ရန်လိုကြောင်းအလေးပေးပြောကြား သွားပြီး ဖြေဆိုသူများမှ မိမိတို့ကိုယ်ကိုမိမိတို့ဆုံးဖြတ်သတ်မှတ်နိုင်ရန် ခွင့်ပြုပါမည်ဟူသောတာဝန်ခံကတိပေးထားမှုမှ အစိုးရအနေဖြင့် နောက်ပြန်လည်မသွားရန်** UNFPA **မှအဓိကထားပြောကြားခဲ့ပါသည်။**
- **မတ်လ ၃၀** - **သမ္မတဦးသိန်းစိန်နှင့်ဖုန်းပြောစဉ်အတွင်း** UN **အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက အရေးမယူပဲအကာအကွယ်ပေးထားသောရာဇဝတ်မှုများကိုအဆုံးသတ်ရန်၊ အရပ်သားအားလုံးကိုကာကွယ်ရန်နှင့် တရားဥပဒေစိုးမိုးရေးကိုအကောင်အထည်ဖော်ရန်တို့ကို တောင်းဆိုလိုက်သည်။ သူက ရခိုင်ပြည်နယ်တွင်အားကောင်းသောနိုင်ငံတကာ၏ တည်ရှိမှုကိုကူညီတည်ထောင်ပေးပါရန် အစိုးရအားပြောကြားလိုက်သည်။**

မတ်လ ၂၈ ရက်နေ့တွင် အဓိကရုဏ်းများတွင်ပါဝင်ပတ်သက်ခဲ့သူများနှင့် ဦးဆောင်ခဲ့သူများအားဖော်ထုတ်နိုင်ရန်အတွက် အစိုးရနယ်စပ်ရေးရာဒုတိယဝန်ကြီးဦးမောင်မောင်အုန်းဦးဆောင်သော အဖွဲ့ဝင် ၅ ဦးပါကော်မရှင်ကိုဖွဲ့စည်းလိုက်ကြောင်းအစိုးရသမ္မတရုံးမှကြေငြာလိုက်သည်။ ကော်မရှင်သည် ၎င်းတို့၏တွေ့ရှိချက်များအားသမ္မတဦးသိန်းစိန်ထံသို့ ဧပြီလ ၇ ရက်နေ့တွင်တင်ပြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

လွှတ်တော်နဝမမြောက်အစည်းအဝေးပြီးဆုံး

မတ်လတွင်လွှတ်တော်နဝမမြောက်အစည်းအဝေးပြီးဆုံးသွားခဲ့သည်။ အရေးကြီးသောဖြစ်ထွန်းမှုများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- **မတ်လ ၅** - ပြည်သူ့လွှတ်တော်က ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအားပြင်ဆင်ခြင်းကို အတည်ပြုပေးလိုက်ကာ ၎င်းကဆန္ဒပြပွဲအတွက်ခွင့်ပြုချက်ရရှိရန်လျှောက်ထားသူများကို ဒေသခံအာဏာပိုင်များမှခွင့်ပြုချက်ပေးရန်ငြင်းပယ်နိုင်ခွင့်ရှိသည်ဟူသော ပုဒ်မ ၁၈ မှပြဌာန်းချက်ကိုပယ်ဖျက် (အစားထိုး)ထားသည်။ ထိုအစား ဆန္ဒပြလိုသူများသည် ဆန္ဒပြပွဲစီစဉ်ထားမှုအား မြို့နယ်အုပ်ချုပ်ရေးမှူးများကိုသာအသိပေးရန်လိုအပ်မည်ဖြစ်ပါသည်။ ပြင်ဆင်မှုက ခွင့်ပြုချက်မရှိပဲ ဆန္ဒပြခြင်းအတွက် အမြင့်ဆုံးထောင်ဒါဏ်ကိုတနှစ်မှခြောက်လသို့ ငွေဒါဏ် ၃ သောင်းကျပ် (အမေရိကန်ဒေါ်လာ ၃၀) နှင့်အတူလျှော့ချထားသည်။ စီစဉ်ထားသောဆန္ဒပြပွဲအား ဒေသခံအာဏာပိုင်များထံသို့အသိပေးရန်ပျက်ကွက်ခဲ့မှသာလျှင် ထိုပစ်ဒါဏ်ကိုချမှတ်ရမည်ဖြစ်ပါသည်။ ဥပဒေ၏ပုဒ်မ ၁၂ တွင်ဖော်ပြထားသော စည်းမျဉ်းများမှမည်သည့်စည်းမျဉ်းကိုမဆို ဆန္ဒပြသူများမှချိုးဖောက်ပါက ဆန္ဒပြပွဲပြုလုပ်ခွင့်ကိုလည်း အာဏာပိုင်များမှပြန်လည်ရုတ်သိမ်းခွင့်ရှိပါသည်။ ပြင်ဆင်မှုဥပဒေကြမ်းသည် ယခုအခါဆွေးနွေးမှုပြုလုပ်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီသို့ရောက်ရှိနေပြီဖြစ်ပါသည်။
- **မတ်လ ၁၁** - အမျိုးသားလွှတ်တော်က GDP ၏ ၃% နှင့် ၄% မှ ၄.၅% အကြားကို အခွန်ကောက်ခံမှုတိုးမြှင့်ရန်နှင့်အခွန်ပေးဆောင်ရန်ရှောင်ရှားမှုများကိုလျှော့ချနိုင်ရန်အတွက် ဝင်ငွေခွန်ဥပဒေနှင့်အမြတ်ခွန်ဥပဒေတို့အား ပြင်ဆင်မှုများကိုအတည်ပြုပေးခဲ့သည်။ ပြင်ဆင်မှုများက ပိုင်ဆိုင်မှုအခွန်အပေါ်လျှော့ပေါ့ဖြတ်တောက်ပေးခြင်းကဲ့သို့သော မက်လုံးများကိုလည်းထည့်သွင်းဖော်ပြထားသည်။
- **မတ်လ ၁၃** - ထောင်ဒါဏ်ကို ၃ နှစ်မှ ၁ နှစ်သို့လျှော့ချရန် အကြံပြုချက်အပါအဝင် သမ္မတဦးသိန်းစိန်မှအကြံပြုထားသောပြင်ဆင်မှုများကိုလက်ခံပြီးနောက် ငွေကြေးခဝါချမှုဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှအတည်ပြုပေးခဲ့သည်။
- **မတ်လ ၁၇** - အစိုးရပြန်ကြားရေးဝန်ကြီးဦးအောင်ကြည်က ပြည်သူ့ဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခဲ့သည်။ UNESCO ၏အကူအညီဖြင့်အစိုးရပြန်ကြားရေးဝန်ကြီးဌာနမှရေးဆွဲခဲ့ကာ အစိုးရမှငွေကြေးထောက်ပံ့ခဲ့သော ထိုဥပဒေကြမ်းသည် နိုင်ငံတော်ပိုင်မီဒီယာများအားပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ်သို့ ပြောင်းလဲရန်ရည်ရွယ်ထားခြင်းဖြစ်သည်။ ထိုဥပဒေကြမ်းက ပြည်သူ့ဝန်ဆောင်မှုမီဒီယာအတွက် လုပ်ကိုင်နေသောအယ်ဒီတာ၊ သတင်းထောက်နှင့်အခြားသူများအားအရေးယူသူ မည်သူမဆိုတို့သည် ငွေဒါဏ်ကျပ်ငါးသိန်း (အမေရိကန်ဒေါ်လာ ၅၀၀) အထိချမှတ်ခံရမည်ဖြစ်ပါသည်။
- **မတ်လ ၁၉** - ဧပြီလ ၁ ရက်နေ့တွင်စတင်ရန်သတ်မှတ်ထားသော လျှပ်စစ်မီတာခများတိုးမြှင့်ရန်အဆိုကို အမျိုးသားလွှတ်တော်မှအတည်ပြုခဲ့သည်။ အတိုက်အခံလွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးတို့ကထိုကောက်ခံခမြင့်တက်ခြင်းကိုကန့်ကွက်မဲပေးခဲ့ကြသည်။ ထိုဥပဒေကြမ်းက မိသားစုများအတွက်လျှပ်စစ်မီတာခကို ၄၀ မှ ၁၀၀ % အထိ သုံးစွဲမှုပေါ်တွင်လိုက်၍တိုးမြှင့်လိုက်ကာ ကုမ္ပဏီများအနေဖြင့်ထို့ထက်ပိုပေးရမည်ဟု မျှော်လင့်ရပါသည်။
- **မတ်လ ၂၁** - လွှတ်တော်ကိုယ်စားလှယ်များထံမှပြင်ဆင်မှု ၁၃ ချက်၊ ဥပဒေကြမ်းကော်မတီမှပြင်ဆင်မှု ၉ ချက်နှင့်အတူ ပြည်သူ့လွှတ်တော်အစည်းအဝေးမှ အမျိုးသားပညာရေးဥပဒေကြမ်းကိုအတည်ပြုခဲ့သည်။ အမျိုးသားပညာရေးပြုပြင်ပြောင်းလဲမှုကွန်ယက် (NNER) က ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီမှရေးဆွဲသော ပညာရေးဥပဒေကြမ်းသည် ပညာရေးသင်ရိုးရေးဆွဲရေးဌာနကို အစိုးရ၏တင်းကြပ်သောထိန်းချုပ်မှုအောက်သို့ဆွဲထည့်ထားသည်ဟုပြောကြားလိုက်သည်။
- **မတ်လ ၂၅** - အမျိုးသားလွှတ်တော်က ၂၀၁၄ - ၁၅ ခုအတွက် အမျိုးသားဘတ်ဂျက်ကို အတည်ပြုပေးခဲ့သည်။ ဘတ်ဂျက်အသေးစိတ်မှာမူရှင်းရှင်းလင်းလင်းမရှိသေးပေ။ မတ်လ၂၂ ရက်နေ့က အစိုးရသတင်းစာဖြစ်သော New Light of Myanmar ကပညာရေးနှင့် ကျန်းမာရေးအတွက် ဘတ်ဂျက်ရာထားမှုကိုဖော်ပြခဲ့ကာ ၅.၉% နှင့် ၃.၄% အသီးသီးရှိခဲ့သည်။ သို့သော်စစ်ရေးအသုံးစရိတ်ကိုမူမဖော်ပြခဲ့ပေ။ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အစိုးရကာကွယ်ရေးဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ကာကွယ်ရေးဘတ်ဂျက်အဖြစ် ၂.၃၆ထရီလီယံကျပ် (အမေရိကန်ဒေါ်လာ ၂.၃၆ဘီလီယံ) ကိုတင်ပြခဲ့သည်။ ၎င်းသည် ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁၂၀ဘီလီယမ်ကျပ် (အမေရိကန်ဒေါ်လာ ၁၂၀သန်း) များပြားလာပါသည်။
- **မတ်လ ၂၆** - အမျိုးသားလွှတ်တော်က မြန်မာ့အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည်။ ထိုဥပဒေကြမ်းသည် ကော်မရှင်အဖွဲ့ဝင်အသစ်များခန့်ထားခြင်းလုပ်ငန်းစဉ်ကို စတင်သတ်မှတ်ခဲ့သည်။ [*၂၀၁၄ ခုဇန်နဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။]

အစိုးရမှစာနယ်ဇင်းအပေါ်ကန့်သတ်မှုများဆက်လက်ပြုလုပ်

မတ်လတွင် အမျိုးသားလွှတ်တော်မှမီဒီယာလွတ်လပ်ခွင့်အား ကန့်သတ်သည့်ဥပဒေကြမ်းနစ်ခုကို အတည်ပြုခဲ့ကာအစိုးရမှသတင်းထောက်များအားကန့်သတ်မှုများဆက်လက်ပြုလုပ်ခဲ့သည့်အတွက် [အောက်မှ *စာနယ်ဇင်းလွတ်လပ်ခွင့်အတွက်နောက်ဆုတ်သွားသောခြေတလှမ်း* တွင်ကြည့်ပါ။] မြန်မာနိုင်ငံမှစာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများတဖန်ပြန်လည်၍ဖြစ်ပေါ်လာခဲ့ကြသည်။ မတ်လ ၅ ရက်နေ့တွင် ထိုင်ခုံနေရာအခက်အခဲကြောင့်ဟုဆိုကာ ၁၁ ကြိမ်မြောက်အာဆီယံကာကွယ်ရေးဦးစီးချုပ်များအလွတ်အစည်းအဝေးအပြီး ပြုလုပ်ခဲ့သည့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပထမဆုံးသတင်းစာရှင်းလင်းပွဲသို့ DVB၊ မဇ္ဈိမသတင်းဌာန၊ မြန်မာတိုင်းမ်သတင်းစာတို့မှသတင်းထောက်များအပါအဝင် သတင်းစာသတင်းထောက်များ၏တက်ရောက်သတင်းယူခွင့်ကိုအာဏာပိုင်များမှငြင်းပယ်ခဲ့ကြသည်။ ဒူးရှီးယားတန်းမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုအား အစီရင်ခံအပြီးတွင် ဇန်နဝါရီလကပြုလုပ်သော မီဒီယာရှင်းလင်းပွဲသို့ဝင်ရောက်ခွင့်ကိုလည်း မဇ္ဈိမသတင်းဌာနနှင့်မြန်မာတိုင်းမ်တို့မှသတင်းထောက်များအား ငြင်းပယ်ခဲ့ဘူးပါသည်။

မတ်လ ၉ ရက်နေ့တွင်သမ္မတဦးသိန်းစိန်၏ ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က သူမ၏တည်ရှိနေမှုသည်မလိုလားအပ်သောနောက်ဆက်တွဲများဖြစ်ပေါ်လာစေနိုင်သောကြောင့် ရန်ကုန်တွင်ပြုလုပ်မည့် လေးကြိမ်မြောက်အရှေ့-အနောက်ဗဟိုနိုင်ငံတကာမီဒီယာကွန်ဖရင့်စ်သို့ တက်ရောက်နိုင်ရန် တိုင်းမ်မဂ္ဂဇင်းသတင်းထောက်ဟာနာဘိရှ်အတွက် သတင်းထောက်ဗီဇာအား ငြင်းပယ်ခဲ့သည်ဟု သူ၏ဖေ့စ်ဘွတ်စာမျက်နှာမှတဆင့် ကြေငြာခဲ့သည်။ ဦးရဲထွတ်က ဖေဖော်ဝါရီလကတည်းကပြုလုပ်ခဲ့သော နိုင်ငံခြားသတင်းထောက်များအပေါ်ပြည်ဝင်ခွင့်ဗီဇာကန့်သတ်ခြင်းများသည် ဇန်နဝါရီလအတွင်းကဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်မှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများနှင့်ပတ်သက်သည်များကို နိုင်ငံတကာသတင်းများတွင်ဖော်ပြခဲ့မှုများနှင့်မည်သို့မျှမသက်ဆိုင်ပါဟုပြောကြားလိုက်သည်။ [*၂၀၁၄ခုဇန်နဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ကန့်သတ်မှုများသည် နိုင်ငံခြားသားသတင်းထောက် ၁၀၀ ခန့်တို့က အစိုးရပြန်ကြားရေးဝန်ကြီးဌာနကိုအသိပေးခြင်း သို့မဟုတ် နိုင်ငံခြားသတင်းထောက်များအသင်းသို့ ဆက်သွယ်ခြင်းမရှိပဲ မြန်မာနိုင်ငံအတွင်း၌ တနစ်ခန့်အလုပ်လုပ်ကိုင်နေကြသည်ကိုတွေ့ရှိရပြီးနောက် "ထိန်းညှိမှု" တခုသာဖြစ်သည်ဟုသူကရပ်ခံပြောကြားသည်။

ရခိုင်ပြည်နယ်တွင်နယ်စည်းမခြားဆရာဝန်များ အဖွဲ့ လုပ်ငန်းများရပ်ဆိုင်းထားဆဲ၊ ရိုဟင်ဂျာများ အတွက်အစိုးရမှကျန်းမာရေးစောင့်ရှောက်မှုမပြုလုပ်ပေး

မတ်လစောစောပိုင်းတွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့အားမြန်မာနိုင်ငံမှ နှင်ထုတ်ရန်၎င်းတို့၏ ဆုံးဖြတ်ချက်အားအစိုးရမှပြောင်းပြန် ပြန်လှန်ခဲ့သည်။ [*၂၀၁၄ခုဖေဖော်ဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] သို့သော် ရခိုင်ပြည်နယ်တွင်လုပ်ငန်းများလုပ်ကိုင်ရန်ကိုမူ ဆက်လက်ပိတ်ပင်ထားဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံမှ၎င်းတို့၏ လုပ်ငန်းများအားလုံးကိုရပ်တန့်ပစ်လိုက်ရန် အစိုးရမှဒါဏ်ခတ်မှုပြုလုပ်ခဲ့အပြီးနစ်ရက်အကြာ မတ်လ ၁ ရက်နေ့တွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့က ရန်ကုန်တိုင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှသူတို့၏ လုပ်ငန်းအစိတ်အပိုင်းများကို မတ်လ ၃ ရက်နေ့တွင်ပြန်လည်စတင်လုပ်ကိုင်သွားမည်ဟု ကြေငြာခဲ့သည်။ မတ်လ ၂ ရက်နေ့တွင် အစိုးရ၏ကျန်းမာရေးဝန်ကြီးဌာနကနိုင်ငံတဝှမ်းမှလုပ်ငန်းများအားရပ်တန့်ရန် နယ်စည်းမခြားဆရာဝန်များအဖွဲ့အား အမိန့်ပေးထားသည်ဆိုသောကောလဟာလမှာ မမှန်ကန်ကြောင်းငြင်းဆိုလိုက်ပြီး လူထု၏လက်သင့်ခံမှုပြဿနာကြောင့်ရခိုင်ပြည်နယ်မှလုပ်ငန်းများအားယာယီရပ်ဆိုင်းထားရန် ၎င်းတို့မှအမိန့်ပေးခဲ့ခြင်းသာဖြစ်သည်ဟု ပြောကြားခဲ့သည်။ ၎င်းတို့က "ငြိမ်းချမ်းတည်ငြိမ်မှု" ကိုတွေ့ရသည်နှင့်တပြိုင်နက် နယ်စည်းမခြားဆရာဝန်များအဖွဲ့အား ရခိုင်ပြည်နယ်တွင်လုပ်ငန်းများပြန်လည်စတင်ခွင့်ပြုပေးနိုင်ရန်အစိုးရမှ စဉ်းစားပေးသွားမည်ဖြစ်သည်ဟုလည်းပြောကြားခဲ့သည်။

မတ်လ ၂ ရက်နေ့တွင် အစိုးရ၏ရခိုင်ပြည်နယ်ရှေ့နေချုပ်ဦးလှသိန်းက ရခိုင်ပြည်နယ်မှ MSF ၏လုပ်ငန်းများအား အစိုးရ၏ကိုယ်ပိုင်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများဖြင့် အစားထိုးသွားမည်ဟုပြောကြားခဲ့သည်။ MSF ၏လုပ်ဆောင်မှုများကိုတပတ်အတွင်းလွှဲပြောင်းယူနိုင်ပါသည်ဟု မတ်လ ၃ ရက်နေ့တွင်ကြွားဝါပြောဆိုခဲ့သော်လည်း မတ်လ ၁၂ ရက်နေ့တွင် အစိုးရ၏ကျန်းမာရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်မှလူနာများအတွက် HIV နှင့် TB ဆေးဝါးများကို MSF မှရယူနေရဆဲဖြစ်ကြောင်းဝန်ခံပြောဆိုခဲ့သည်။ ရပ်ဆိုင်းခဲ့ရခြင်း၏ရလဒ်အဖြစ် ရခိုင်ပြည်နယ်မှအထိအခိုက်မခံနိုင်သော

လူထောင်သောင်းများစွာတို့သည် လူသားချင်းစာနာမှုဆေးဝါးဆိုင်ရာပဋိပက္ခများဖြင့်ရင်ဆိုင်နေကြရကြောင်း ၎င်းတို့၏စိုးရိမ်ပူပန်မှုကိုနယ်စည်းမခြားအဖွဲ့မှ ထုတ်ဖော်ပြောကြားခဲ့သည်။ မတ်လ ၁၀ ရက်နေ့တွင် ရခိုင်များဦးစီးသည့်ပြည်နယ်ဆေးရုံများတွင် ကောင်းမွန်သောကုသမှုမခံကြရသည့်အတွက်နှင့် လုံလောက်သောဆေးဝါးစောင့်ရှောက်မှုမရရှိကြသည့်အတွက် ရိုဟင်ဂျာများသေဆုံးရသည်ဟူသောအစီရင်ခံစာများ စတင်ထွက်ပေါ်လာခဲ့သည်။ မတ်လ ၁၃ ရက်နေ့တွင် မွေးဖွားရန်အခက်အခဲဖြစ်နေသောကိုယ်ဝန်ဆောင်မိခင်တဦးအပါအဝင် အနည်းဆုံးရိုဟင်ဂျာ ၁၅၀ ဦးတို့ဖေဖော်ဝါရီလ ၂၈ ရက်ကတည်းက သေဆုံးခဲ့ကြသည်ဟုသတင်းများရရှိခဲ့သည်။ MSF မှလုပ်ငန်းများရပ်ဆိုင်းအပြီးတလအကြာ မတ်လ ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ်မှ MSF ၏ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို အစိုးရ၏ကျန်းမာရေးဝန်ကြီးဌာနက လွှဲပြောင်းရယူပြီးသွားပြီဖြစ်သည်ဟု သတင်းများရရှိခဲ့သည်။

ဒုတိယအကြိမ်စုံစမ်းစစ်ဆေးရေးကော်မရှင်ကစံနှုန်းနှစ်မျိုးသုံးစွဲနေ

ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်ဒူးချီးယားတန်းရွာ၌ ဇန်နဝါရီလ ၂၈ ရက်နေ့ကမီးလောင်ခဲ့မှုနှင့် တပ်ကြပ်ကြီးအောင်ကျော်သေဆုံးမှုတို့ကို စုံစမ်းရန်တာဝန်ရှိသည့် အစိုးရမှခန့်အပ်ထားသောအဖွဲ့ဝင် ၁၀ ဦးပါစုံစမ်းစစ်ဆေးရေးကော်မရှင်က ၎င်းတို့၏တွေ့ရှိချက်များအား မတ်လ ၁၁ ရက်နေ့တွင်လူထုအားထုတ်ပြန်ခဲ့ကြသည်။ ကော်မရှင်ကဇန်နဝါရီလအကြမ်းဖက်မှုတွင် ရိုဟင်ဂျာ ၄၈ ဦးအသတ်ခံခဲ့ရသည်ဟူသည့်သက်သေအထောက်အထားအဖြစ် မည်သည့်အလောင်း၊မြေပုံသင်္ချိုင်းဂူမျှမတွေ့ခဲ့ရဟုပြောကြားခဲ့မှုသည် အလောင်းပျောက်ဆုံးနေသေးသည့် ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းကိုမူ ရွာသားများမှသတ်ပစ်ခြင်းဖြစ်နိုင်သည်ဟု ၎င်းတို့၏အခိုင်အမာပြောဆိုနေမှုဖြင့် ရှင်းလင်းစွာပင်ဆန့်ကျင်နေပါသည်။

ကော်မရှင်က သေဆုံးသည်ဟူသော အစီရင်ခံစာများသည်မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို မတည်မငြိမ်ဖြစ်စေရန် လွဲမှားသောစွပ်စွဲမှုများသာဖြစ်သည်ဟု ပြောကြားခဲ့သည်။ သမ္မတဦးသိန်းစိန်၏အကြံပေးလည်းဖြစ်၊ ကော်မရှင်၏အတွင်းရေးမှူးလည်းဖြစ်သူဦးကျော်ရင်လှိုင်က ရိုဟင်ဂျာဝက်ဘ်ဆိုဒ်များတွင်ဖော်ပြထားသော သေဆုံးသူနာမည်များသည် ဒေသခံ လဝက မှတ်တမ်းများဖြင့်ကိုက်ညီမှုမရှိပဲ ထိုအရာများသည်အတုအယောင်များသာဖြစ်သည်ဟု ပြောကြားလိုက်သည်။ မှားယွင်းပြီး ပြဿနာ၏အကြီးအကျယ်သဘောထားကွဲလွဲမှုများအားဖြစ်စေနိုင်သည့် အတည်မပြုရသေးသည့်သတင်းအချက်အလက်များအား ပျံ့နှံ့စေခဲ့သည့်အတွက် UN နှင့်နယ်စည်းမခြားဆရာဝန်များအဖွဲ့ ကိုလည်း အပစ်တင်ထားပါသေးသည်။

ကော်မရှင်သည်လုံခြုံရေးတပ်ဖွဲ့ဝင်များအားမည်သည့်အပစ်တင်မှုမျှမပြုလုပ်ခဲ့ပဲ အစိုးရအားအသရေပျက်စေရန်ရာဖွေလုပ်ဆောင်သည့် အုပ်စုအဖွဲ့သည် ရိုဟင်ဂျာများ၏အိမ်များကိုမီးရှို့ကာ ပစ္စည်းအများအပြားအားလုယူခဲ့သည့်နောက်ကွယ်မှဖြစ်သည်ဟု ပြောကြားခဲ့သည်။ ၎င်း၏အကြံပေးချက်များတွင် ဒေသခံလုံခြုံရေးတပ်ဖွဲ့များ၏ လက်နက်အင်အားစွမ်းရည်ကိုမြှင့်တင်ရန်၊ နိုင်ငံသားပြုခွင့်ရှိသူရိုဟင်ဂျာများအား သူတို့၏ကိုယ်ပိုင်လူ့အဖွဲ့အစည်းအားအုပ်ချုပ်နိုင်ရန်အတွက် နိုင်ငံသားဖြစ်ခွင့်ရရှိနိုင်အောင်လုပ်ဆောင်ပေးရန်နှင့်မီဒီယာများမှပြုလုပ်သော မှားယွင်းသည့်စွပ်စွဲမှုများအားတန်ပြန်နိုင်မည့်လုပ်ဆောင်မှုများစသည်တို့ ပါဝင်ပါသည်။ အတွင်းရေးမှူးဦးကျော်ရင်လှိုင်က ဝေဖန်မှုများအားပိုမိုကောင်းမွန်သောသက်သေအထောက်အထားများ၊ ပိုမိုပြည့်စုံသောသက်သေအထောက်အထားများယူဆောင်လာပြီး ၎င်းတို့၏စမ်းစစ်တွေ့ရှိချက်ကိုငြင်းဆိုရန်ကြိုးစားနိုင်ပါသည်ဟု စိန်ခေါ်ထားပါသည်။ ရလဒ်များသည်ကြိုတင်တွေးထားသည့်အတိုင်းပင်ဖြစ်လိမ့်မည်ဟုစွပ်စွဲထားသော လေ့လာသူတော်တော်များများအား ကော်မရှင်၏အစီရင်ခံစာသည် ကျေနပ်မှုမပေးစွမ်းနိုင်ခဲ့ပါ။

ရှမ်း၊ ကချင်အရပ်သားများထိန်းသိမ်း၊ နှိပ်စက်ခံကြရ

မတ်လတွင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့၌ အစိုးရတပ်များကအရပ်သားများအပေါ် ပြင်းထန်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်ခဲ့ကြသည်။ အရပ်သားတိုင်းရင်းသားအုပ်စုများအပေါ် ဆက်လက်ပြုလုပ်နေသောတိုက်ခိုက်မှုများက အစိုးရ၏အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို အားနည်းယုတ်လျော့စေသည်။ သတင်းရရှိသောအရပ်သားများအားအကြမ်းဖက်မှုများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- **မတ်လ ၁၊ ၂** - အပစ်ရပ်ဒေသတွင်တည်ရှိပြီး ရှမ်းတပ်ဖွဲ့များမရှိသော်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းနောင်ချိုမြို့နယ်တွင် အစိုးရတပ်များကရွာ ၁၁ ရွာအားလက်နက်ကြီးများဖြင့်ပစ်ခဲ့ကာ ရွာသား ၂၀၀၀ အားထွက်ပြေးစေခဲ့ပြီး၊ ရွာသားတဦးအားညှင်းပန်းနှိပ်စက်၍သူ၏သွားများအားကျွတ်ထွက်စေခဲ့သည်။ အစိုးရတပ်များသည်ထိုဒေသသို့ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရွှေ့ပြောင်းလာခဲ့ကြပြီး ရွာသားများအားစစ်ကြောမေးမြန်းခြင်း၊ အတင်းအကြပ်ခိုင်းစေရန်အလုပ်သမားများရှာဖွေခြင်း၊ ရိက္ခာများအားလုယူပစ်ခတ်ခြင်းစသည်တို့ကိုစတင်ပြုလုပ်ခဲ့သည်။
- **မတ်လ ၄** - ကချင်ပြည်နယ်ဖားကန့်မြို့နယ်ကာမိုင်းတွင် ခမရ ၅ မှအစိုးရတပ်များက ခရီးသွားများထံမှခြိမ်းခြောက်ငွေညှစ်ခဲ့ကြသည်။
- **မတ်လ ၄** - ကချင်ပြည်နယ်တောင်ပိုင်းဗန်းမော်နှင့်ဝိုင်းမော်မြို့နယ်များတွင် အစိုးရတပ်များကရာဘာနှင့်ဝါးတောများအားမီးရှို့ခဲ့ကြသည်။
- **မတ်လ ၅** - ကချင်ပြည်နယ်အနောက်ပိုင်းနမ်ပြုနှင့်တနိုင်းမြို့နယ်များတွင် ခမရ ၈၀ မှအစိုးရတပ်များက ဒေသခံများထံမှငွေတောင်းခံခဲ့ကြသည်။
- **မတ်လ ၇** - ကချင်ပြည်နယ်ဖားကန့်မြို့နယ်ဉဒိဘန်းရွာတွင် အစိုးရတပ်များကရွာသားများနှင့်ခရီးသွားများအား ခြိမ်းခြောက်ဒါးပြတိုက်မှုများပြုလုပ်ခဲ့သည်ဟု သတင်းများရရှိခဲ့သည်။
- **မတ်လ ၇** - ကချင်ပြည်နယ်မုန်းရှူးမြို့နယ်တာဆန်းပုစခန်းတွင် မြစ်ဖြတ်ကူးတံတားအားအသုံးမပြုရန် အစိုးရတပ်များမှ ရွာသားများအားတားဆီးခဲ့သည်ဟုသတင်းများရရှိခဲ့သည်။
- **မတ်လ ၂၁** - ရှမ်းပြည်နယ်မြောက်ပိုင်းကျောက်မဲမြို့နယ်ငါကျန်းရွာအား ခမရ ၇၇ နှင့် ၅၀၃ မှအစိုးရတပ်များကတိုက်ခိုက်ခဲ့ကြကာ ရှမ်းပြည်ပြန်လည်တည်ထောင်ရေးကောင်စီ (RCSS) နှင့်ဆက်သွယ်သည်ဟု သံသယရှိသူရွာသား ၅ ဦးနှင့်ရွာသူကြီးအားဖမ်းဆီးနှိပ်စက်ခဲ့သည်။ မတ်လ ၂၃ ရက်နေ့တွင် ကျောက်မဲမြို့နယ်တွင်ထိန်းသိမ်းထားသောရွာသူကြီးအား တွေ့ဆုံရန်ဆွေမျိုးများမှသွားရောက်ခဲ့ကြရာ ရဲများကဝင်ရောက်ခွင့်မပေးခဲ့ပေ။
- **မတ်လ ၂၃** - ရှမ်းပြည်နယ်အရှေ့ပိုင်းမန်တုံမြို့နယ်ဘန်ဂန်းရွာတွင် ခလရ ၅၁၉ နှင့် ၅၃ မှအစိုးရတပ်များသည် ရွာသားများ၏ ပစ္စည်းများနှင့်ရိက္ခာများအား လုယက်ယူဆောင်ခဲ့ကြသည်။
- **မတ်လ ၂၄** - ရှမ်းပြည်နယ်မြောက်ပိုင်း၊ကျောက်မဲမြို့နယ်နမ်လင်းပုံရွာတွင် အစိုးရတပ်များကစားသောက်ဆိုင်ပိုင်ရှင်အားဖမ်းဆီးနှိပ်စက်ခဲ့ကြသည်။

မတ်လ ၂၄ ရက်နေ့တွင် ဟားဗတ်တက္ကသိုလ်နိုင်ငံတကာလူ့အခွင့်အရေးကလင်းနစ် (IHRC) မှထုတ်ပြန်သော "မြန်မာစစ်တပ်၏ ဝေဖန်ခွဲခြားမှုမရှိသောတိုက်ခိုက်မှုများနှင့်အရပ်သားများအားရည်ရွယ်ချက်ရှိရှိသတ်ဖြတ်မှုများမှကာကွယ်ခြင်း" အမည်ရှိအစီရင်ခံစာတွင် တပ်မတော်သည် "အစိုးရစီစဉ်ထားသောသောင်းကျန်းသူချေမှုန်းရေးနည်းဗျူဟာ" ၏အစိတ်အပိုင်းအဖြစ် မြင်မြင်သမျှပစ်ရန်ညွှန်ကြားချက်များ၊ ဝေဖန်ချင့်ချိန်မှုမရှိသောလက်နက်ကြီးပစ်ခတ်မှုများ၊ အလွန်အကျွံသတ်ဖြတ်မှုများ၊ အရပ်သားများသေဆုံးစေရန်မြေမြှုပ်မိုင်းများအသုံးပြုမှုများ စသည်တို့ဖြင့် အရပ်သားများအားဆက်လက်၍ ပစ်မှတ်ထားဆဲဖြစ်သည်ဟု ဖော်ပြထားသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ထိုးစစ်များဆက်ပြုလုပ်

မတ်လ ၁၀ ရက်နေ့တွင် တပ်မတော်ဦးဆောင်ညှိနှိုင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် တပ်မတော်မှတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအား တိုက်ခိုက်နေသည်ဆိုခြင်းမှာမဟုတ်ပါဟုငြင်းဆိုခဲ့သည်။ သို့သော်လည်း မတ်လတလလုံးတွင်ရှမ်းပြည်နယ်မြောက်ပိုင်း၌ အစိုးရတပ်မတော်တပ်များနှင့် ရှမ်းပြည်နယ်တပ်မတော် - မြောက်ပိုင်း (SSA-N) ၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ကြသည်။

- **မတ်လ ၂** - ရှမ်းပြည်နယ်မြောက်ပိုင်းနမ္မတူမြို့နယ်မှ KIA စခန်းတခုဖြစ်သောလွှိုင်ခမ်းဘမ်းကို အစိုးရတပ်များမှပိတ်ဆို့ခဲ့ကြသည်။
- **မတ်လ ၄** - ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်မြို့နယ်ရီဂူရွာတွင်ကချင်ပြည်သူ့စစ်များနှင့် ခမရ ၅၀၇ မှအစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

- **မတ်လ ၁၁ -** ရှမ်းပြည်နယ်မြောက်ပိုင်းကြေးသီးမြို့နယ်ဝမ်ဟိုင်းတွင် SSA-N ဌာနချုပ်အနီး၌ SSA-N တပ်များနှင့်အစိုးရတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **မတ်လ ၂၄ -** ရှမ်းပြည်နယ်မြောက်ပိုင်းမိုးမိတ်မြို့နယ်တွင် KIA တပ်ရင်း ၃၄ နှင့်အစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် တိုးတက်မှုနှေးကွေး၊ ယုံကြည်မှုမှာယိုင်နဲ့ဆဲ

မတ်လ ၁၀ ရက်နေ့တွင် အစိုးရမှထောက်ပံ့ပေးထားသည့် ရန်ကုန်မြို့ရှိမြန်မာငြိမ်းချမ်းရေးစင်တာ (MPC) တွင် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၊ အစိုးရ၏ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် စစ်တပ်ခေါင်းဆောင် ၆ ဦးတို့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှစ်ခုလုံး၏ကနဦးမူကြမ်းများအားပေါင်းစည်းကာ တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးငြိမ်းချမ်းရေးသဘောတူညီချက် နောက်ဆုံးမူကြမ်းအဖြစ်သို့ပြောင်းလဲနိုင်ရန် ပူးတွဲကော်မတီတခုဖွဲ့စည်းရန်သဘောတူခဲ့ကြသည်။ ထိုကော်မတီတွင် အဖွဲ့ဝင် ၁၈ ဦးပါဝင်မည်ဖြစ်ကာ စစ်ဘက်ဆိုင်ရာတပ်မှူး ၃ ဦး၊ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးနှင့်အစိုးရဝန်ကြီးအဖွဲ့မှအရာရှိ ၃ ဦးတို့အပါအဝင် တဖွဲ့စီမှအဖွဲ့ဝင် ၉ ဦးစီပါဝင်မည်ဖြစ်ပါသည်။ ထိုမူကြမ်းသဘောတူညီချက်တွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအား အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီး ရက် ၆၀ အတွင်းပြုလုပ်ပေးရန်အာမခံမှုလည်းပါဝင်လိမ့်မည်ဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများညှိနှိုင်းရေးအဖွဲ့ ဥက္ကဌဦးနိုင်ဟံသာက မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ နာဂလန်း-ခပ်လန်းအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)၊ ညီညွတ်သောဝပြည်ပါတီ (UWSP)၊ ရှမ်းပြည်ပြန်လည်တည်ထောင်ရေးကောင်စီ (RCSS)၊ ဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့သစ် (NDAA) တို့အပါအဝင် ညှိနှိုင်းရေးအဖွဲ့တွင်ကိုယ်စားပြုမပါဝင်နိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဧပြီလပထမပတ်တွင်စတင်ရန်သတ်မှတ်ထားသော မူကြမ်းဆွေးနွေးပွဲတွင်ပါဝင်ကောင်းပါဝင်နိုင်ပါလိမ့်မည်ဟု ပြောကြားခဲ့သည်။

သို့သော်လည်း အစိုးရအားယုံကြည်မှုမှာမူယိမ်းယိုင်မှုရှိနေဆဲဖြစ်ပါသည်။ မတ်လ ၁၀ ရက်နေ့က ကရင်အမျိုးသားအစည်းအရုံး (KNU) မှဗိုလ်မှူးစောကလဲဒိုက တပ်များပြန်ဆုတ်ပေးရေးအပါအဝင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်းက ပြုလုပ်ထားသောမည်သည့်တောင်းဆိုမှုကိုမျှ အစိုးရမှမလိုက်လျောသေးပါဟု ပြောကြားလိုက်သည်။ အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးခြင်းသည် ၂၀၀၈ အခြေခံဥပဒေအားလက်ခံခြင်းအဖြစ် မယူဆသင့်ပါဟုလည်းအခိုင်အမာပြောဆိုခဲ့သည်။ မတ်လ ၁၂ ရက်နေ့တွင် MPC အရာရှိများအား ရင်ကြားစေ့ရေးကြိုးပမ်းမှုများကိုဖျက်ဆီးရန်ကြိုးစားသည်ဟု စွပ်စွဲလိုက်သည်။

လူ့အခွင့်အရေး

စာနယ်ဇင်းလွတ်လပ်ခွင့်အတွက်နောက်ဆုတ်သွားသောခြေတလှမ်း

မတ်လတွင် လွှတ်တော်နဝမအကြိမ်အစည်းအဝေးအတွင်း သတင်းသမားများနှင့်စာနယ်ဇင်းလွတ်လပ်မှုအုပ်စုများအကြား စိုးရိမ်မှုများမြင့်တက်လာစေမည့် စာနယ်ဇင်းဥပဒေမြိုင်နှစ်ခုအား လွှတ်တော်မှအတည်ပြုပေးခဲ့သည်။ မတ်လ ၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်က ၁၉၆၂ခု ပုံနှိပ်ထုတ်ဝေရေးဥပဒေအားအစားထိုးလိုက်သည့် ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းနှင့်မီဒီယာဥပဒေကြမ်းတို့ကိုအတည်ပြုပေးခဲ့သည်။ မတ်လ ၁၄ ရက်နေ့တွင်သမ္မတဦးသိန်းစိန်က မီဒီယာဥပဒေကြမ်းကိုဥပဒေအဖြစ်အတည်ပြုပေးခဲ့သည်။ ဥပဒေကြမ်းများကို ထင်ရှားသောကြန့်ကြာနေမှုနှင့်အကြိမ်ကြိမ်ပြန်လည်ရေးဆွဲရမှုတို့အပြီးတွင် အတည်ပြုပေးခဲ့သည်။ ထိုဥပဒေနှစ်ခုလုံးသည် အစိုးရ၏စွက်ဖက်မှုနှင့်စောင့်ကြည့်မှုတို့မပါဝင်သောစာနယ်ဇင်းလွတ်လပ်မှုကို ဆောင်ကျဉ်းပေးနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်များကိုမပြည့်ဝစေခဲ့ပါ။ အမေရိကန်အခြေစိုက် Committee to Protect Journalists (CPJ) မှသမ္မတဦးသိန်းစိန်ထံပေးသည့်စာထဲတွင် ထိုဥပဒေသည်ခြေတလှမ်းနောက်ပြန်ဆုတ်နေသည်ဟုပြောကြားကာ ပုံနှိပ်နှင့်ထုတ်ဝေရေးဥပဒေအား သမ္မတမှဗီတိုအာဏာသုံး၍ပယ်ချပါရန်တိုက်တွန်းထားသည်။ နိုင်ငံတကာသတင်းထောက်များအဖွဲ့ချုပ် (IFJ) ကမီဒီယာဥပဒေများမှလုံလောက်စွာကာကွယ်မပေးနိုင်လျှင် စာနယ်ဇင်းသမားများမှမိမိတို့ကိုယ်ကိုမိမိတို့ဆင်ဆာဖြတ်ရသည့်အဖြစ်သို့ပြောင်းလဲသွားမည်ကို သူတို့အနေဖြင့် စိုးရိမ်မိပါသည်ဟုပြောကြားလိုက်သည်။

ထိုဥပဒေနှစ်ခုလုံးတွင် ထောင်ဒဏ်အပစ်ပေးမှုမပါဝင်သော်လည်း သက်ဆိုင်သူများအနေဖြင့် အီလက်ထရောနစ်အက်ဥပဒေ၊ ၁၉၂၃ခုတရားဝင်လျှို့ဝှက်ချက်အက်ဥပဒေ၊ ရာဇဝတ်မှုမြောက်အသေရေဖျက်မှု စသည့်စာအုပ်များထဲတွင်တည်ရှိနေဆဲဖြစ်သော ဥပဒေများကဲ့သို့ အခြားဖိနှိပ်သည့်ဥပဒေများဖြင့် သတင်းထောက်များအားထောင်ဒဏ်များချမှတ်နိုင်သေးသည့်အပေါ်စိုးရိမ်ပူပန်နေကြပါသည်။

အစိုးရ၏ပြန်ကြားရေးဝန်ကြီးဌာနမှရေးဆွဲသော ပုံနှိပ်ထုတ်ဝေရေးဥပဒေသည် မီဒီယာလုပ်ငန်းအားလုံးအား အာဏာပိုင်များနှင့်မှတ်ပုံတင်ရန်လိုအပ်ပြီး မတင်ပါကဒါဏ်ငွေရိုက်နိုင်ပါသည်။ ထိုဥပဒေက အစိုးရ၏ပြန်ကြားရေးဝန်ကြီးဌာနအား ထုတ်ဝေခွင့်လိုင်စင်များအား တဘက်သတ်ရပ်ဆိုင်းထားရန် သို့မဟုတ် ပြန်လည်ရုတ်သိမ်းရန်အခွင့်အာဏာပေးအပ်ထားကာ ထုတ်ဝေခွင့်ပြုနိုင်မှုအား ထိန်းချုပ်ခွင့်ကိုလည်း ၎င်းကိုပင်ပေးအပ်ထားပါသည်။ ထိုဥပဒေသစ်၏အောက်တွင် ဘာသာရေးအားစော်ကားသော၊ တရားဥပဒေစိုးမိုးမှုအားယုတ်လျော့စေသော၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအား ထိခိုက်စေသော သို့မဟုတ် အမျိုးသားလုံခြုံရေးအားခြိမ်းခြောက်စေနိုင်သောအကြောင်းအရာများအားလှုံ့ဆော်သော အရာဝတ္ထုများအားထုတ်ဝေခြင်းသည် ထုတ်ဝေသူလိုင်စင်အားချက်ချင်းရပ်ဆိုင်းခံရနိုင်ကာ ငွေဒါဏ်ချမှတ်ခံရနိုင်ပါသည်။

အစိုးရမှခန့်အပ်ထားသောမြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (MPC) မှရေးဆွဲသည့် မီဒီယာဥပဒေသည် မီဒီယာ၏အခွင့်အရေးနှင့်တာဝန်ရှိမှုများကို စည်းမျဉ်းနှင့်တိုင်ကြားမှုစနစ်အားကျင့်သုံးကာ ထုတ်နုတ်ပြသထားကာ မိမိကိုယ်ကိုဆင်ဆာပြုလုပ်လာစေရန် တွန်းအားပေးထားသည်။ ထိုဥပဒေသည် မီဒီယာကောင်စီအားသတင်းမီဒီယာများ၏ အရည်အသွေးအားစောင့်ကြည့်ကာ သမ္မတထံအစီရင်ခံရန်အခွင့်အာဏာပေးအပ်ထားသည်။ ထိုကောင်စီတွင် မီဒီယာနယ်ပယ်ထဲမှလုပ်ငန်းပိုင်းလုပ်ဆောင်သူ၊ ကျွမ်းကျင်သူများပါဝင်သလို သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှ အသီးသီး အမည်စာရင်းတင်သွင်းသော အဖွဲ့ဝင် ၃ ဦးတို့လည်း ပါဝင်ကာ ဥပဒေချိုးဖောက်မှုများနှင့်အငြင်းပွားမှုများကို ထိုကောင်စီမှဖြေရှင်းပေးနိုင်သည်။ အကယ်၍ ကောင်စီမှ အငြင်းပွားမှုကို မဖြေရှင်းပေးနိုင်ပါက ထိုအမှုကိစ္စသည် တရားရုံးသို့ ရောက်ရှိမည်ဖြစ်သည်။

မီဒီယာဥပဒေအောက်တွင် ဥပဒေကိုအကောင်အထည်ဖော်အသက်သွင်းသောအာဏာပိုင်များထက် ကောင်စီကအပစ်ရှိသည်ဟုတွေ့ရှိရသူကို ငွေဒါဏ် ၁၀ သိန်း (အမေရိကန်ဒေါ်လာ ၁၀၀၀) အထိချမှတ်နိုင်သည့် လုပ်ပိုင်ခွင့်နှင့်အတူ မီဒီယာကျင့်ဝတ်များအားချိုးဖောက်သည်ဟု စွပ်စွဲခံထားရသောစာနယ်ဇင်းသမားများအား တရားစွဲဆိုရန်တာဝန်ရှိပါသည်။ မီဒီယာဥပဒေက သူတို့၏ထုတ်ဝေမှုများကြောင့် နိုင်ငံသား၊ ဘာသာရေး၊ လူမျိုးရေးတို့နှင့်ဆက်စပ်သည့် မငြိမ်မသက်မှုများဖြစ်လာစေရန် လှုံ့ဆော်သည်ဟုစွပ်စွဲခံရသော စာနယ်ဇင်းသမားများနှင့်ထုတ်ဝေမှုများကို အစိုးရမှတရားစွဲဆိုနိုင်သည်ဟုလည်းဖော်ပြထားပါသည်။

မတ်လ ၁၉ ရက်နေ့တွင် အစိုးရပိုင်သတင်းစာဖြစ်သည့် New Light of Myanmar ကသမ္မတဦးသိန်းစိန်သည် မီဒီယာဥပဒေကြမ်းကိုဥပဒေအဖြစ်သို့လက်မှတ်ထိုးပေးလိုက်သည်ဟု ကြေငြာခဲ့ကာ "စာနယ်ဇင်းလွတ်လပ်ခွင့်ကို ရှင်းလင်းစွာဖော်ပြထားသော" ဥပဒေအဖြစ်စတင်သိစေခဲ့သည်။ New Light of Myanmar က မီဒီယာဥပဒေသည်စာနယ်ဇင်းသမားများအား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာတို့၏အားနည်းချက်များကိုထောက်ပြ၍ ပွင့်ပွင့်လင်းလင်းဝေဖန်နိုင်သည့် အခွင့်အရေးကိုပေးအပ်ထားသလို စုံစမ်းဖော်ထုတ်သောသတင်းစာနယ်ဇင်းအတတ်ပညာ investigative journalism အားလုပ်ပိုင်ခွင့်ကိုလည်းပေးထားပါသည်ဟုဖော်ပြထားသည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီသာဖြစ်ရမည်ဟုလည်းဖော်ပြထားပါသည်။

ဖိနှိပ်သောဥပဒေများအောက်မှနောက်ထပ်ဖမ်းဆီး၊ တရားစွဲဆို၊ ပစ်ဒါဏ်ချမှတ်မှုများ

မတ်လတွင် အစိုးရသည်မြေယာသိမ်းဆည်းမှုပြဿနာများနှင့်ဆက်စပ်၍လည်းကောင်း၊ ခွင့်ပြုချက်မယူပဲလူထုအစည်းအဝေးပွဲများပြုလုပ်ခြင်းနှင့်ဆန္ဒပြပွဲများပြုလုပ်ခြင်းတို့ကြောင့်လည်းကောင်း လူများအားဖမ်းဆီးတရားစွဲဆိုခဲ့ပါသည်။

- **မတ်လ ၂** - မန္တလေးတိုင်းမတ္တရာမြို့နယ်ကျောက်စရစ်မြောက်ရွာတွင် အစိုးရမှသိမ်းယူခြင်းခံထားရသော မြေများပေါ်၌ မတ်လ ၁ ရက်နေ့ကဆန္ဒပြခဲ့ကြအပြီးတွင် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှု စသည့်တို့အတွက် ပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် ဆန္ဒပြသူရဲရင့်အောင်နှင့်အခြားလယ်သမားသုံးဦးဖြစ်သောကိုနေဝင်း၊ ကိုဇော်ဝင်းနှင့်ကိုကိုအောင်တို့အား ရဲများကတရားစွဲဆိုခဲ့ကြသည်။
- **မတ်လ ၅** - မန္တလေးတိုင်းရမည်းသင်းမြို့နယ်ဘုန်းကြီးကျောင်းတခုအတွင်းရှိ စခန်းအားရဲအင်အား ၁၀၀ ကျော်ဖြင့်ဝင်ရောက်စီးနင်းခဲ့ကာ ကလေးများအပါအဝင်လူ ၅၀ ကျော်ကိုဖမ်းဆီးခဲ့သည်။ ၎င်းတို့သည်မန္တလေးတိုင်းရမည်းသင်းမြို့နယ် မိုးထိမိုးမိရွှေမိုင်းလုပ်ကွက်မှဖယ်ရှားခြင်းခံခဲ့ရပြီးကတည်းက ဘုန်းကြီးကျောင်းထဲတွင်ခိုလှုံရာရှာဖွေနေကြရသူများဖြစ်ပါသည်။ အာဏာပိုင်များကဝင်ရောက်နေထိုင်သူများကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်ဘုန်းကြီးကျောင်းအတွင်းမှမထွက်ခွာပါက မောင်းထုတ်ဖယ်ရှားခြင်းခံရမည်ဟု သတိပေးထားခဲ့သည်။
- **မတ်လ ၇** - လျော်ကြေးမပေးပဲ ၎င်းတို့ထံမှသိမ်းယူသွားသော မြေပေါ်ရှိထန်းပင်များအားဘူဒိုဇာဖြင့်ထိုး၍လှဲနေသော ရဲများကိုတားဆီးရန်ကြိုးစားသည့် စစ်ကိုင်းတိုင်းယင်းမာပင်မြို့နယ်မှရွာသားလေးဦးအား ရဲမှဖမ်းဆီးခဲ့သည်။ ရဲများက ရွာသားများအား တုတ်များဖြင့်ရိုက်နက်ကာဒါဏ်ရာရစေခဲ့သည်။
- **မတ်လ ၁၀** - စစ်ကိုင်းတိုင်းရွှေဘိုခရိုင်တရားရုံးက ဆန္ဒပြသူသုံးဦးဖြစ်သည့်ဦးညွှန့်ဆွေ၊ ဦးစိန်မြင့်နှင့်ဦးထွန်းလင်းတို့အား မြေယာသိမ်းယူမှုအငြင်းပွားမှုနှင့်ပတ်သက်၍ ခင်ဦးမြို့နယ်အာဏာပိုင်များအားဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် ထောင်ဒါဏ်ချမှတ်ခဲ့သည်။ ဦးညွှန့်ဆွေအားဒေသတွင်းတွင်မတည်ငြိမ်အောင်လုပ်ဆောင်၍ဟုဆိုကာ ရာဇဝတ်မှုပုဒ်မဖြစ်သည့် ၅၀၅ (ခ)ဖြင့်ထောင်ဒါဏ် ၂ နှစ်၊ ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေပုဒ်မ ၁၈ အရထောင်ဒါဏ် ၃ လချမှတ်ခဲ့သည်။ ဦးစိန်မြင့်နှင့်ဦးထွန်းလင်းတို့နှစ်ဦးစလုံးအား ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေပုဒ်မ ၁၈ အရထောင်ဒါဏ် ၃ လစီချမှတ်ခဲ့သည်။
- **မတ်လ ၁၇** - ဒေးဒရဲမြို့နယ်အာဏာပိုင်များက ပုသိမ်အခြေစိုက်လူ့အခွင့်အရေးစောင့်ကြည့်ကာကွယ်ရေးကွန်ယက် (HRDWN) မှအဖွဲ့ဝင် ကိုထွန်းထွန်းဦးနှင့်အခြားဒေသခံသုံးဦးဖြစ်သောကိုချိုလွင်၊ ကိုမြင့်လွင်နှင့်ကိုခင်ရွှေတို့အား ဧရာဝတီတိုင်းဒေးဒရဲမြို့နယ်တွင် မတ်လ ၁၀ ရက်၊ ၁၁ ရက်နေ့များကသဘာဝပတ်ဝန်းကျင်စကားဝိုင်းနှင့်ပတ်သက်၍ လူထုအစည်းအဝေးပွဲပြုလုပ်ခဲ့သည့်အတွက် ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေပုဒ်မ ၁၈ ဖြင့်တရားစွဲဆိုခဲ့သည်။
- **မတ်လ ၂၄** - မုံရွာ (လက်ပံတောင်းတောင်) ကြေးနီမိုင်းနှင့်ဆက်စပ်၍ မြေယာသိမ်းယူမှုများအား ဆန့်ကျင်ဆန္ဒပြခဲ့သည့် ဒေသခံရွာသားများကိုကူညီခဲ့သည့်အတွက် တက်ကြွလှုပ်ရှားသူကိုသော်ဇင်အား စစ်ကိုင်းတိုင်း၊မုံရွာမြို့မှတရားရုံးတခုက ထောင်ဒါဏ် ၁၅ လချမှတ်ခဲ့ပါသည်။ ကိုသော်ဇင်အားပိုင်နက်ကျူးလွန်မှု၊ လူထု၏တည်ငြိမ်မှုအားအနှောက်အယှက်ဖြစ်စေမှု၊ ပြည်သူ့ဝန်ထမ်းမှသင့်တော်စွာချမှတ်ထားမှုအားမလေးစားမလိုက်နာမှု စသည့်စွပ်စွဲမှုတို့ဖြင့် စီရင်ချက်ချခဲ့ခြင်းဖြစ်ပါသည်။
- **မတ်လ ၂၅** - မကွေးတိုင်းမကွေးမြို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆန္ဒပြခဲ့သည့်အတွက် ဒေသခံအာဏာပိုင်များက ကိုကျော်သိန်းအား ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေ ပုဒ်မ ၁၈ ဖြင့်တရားစွဲခဲ့သည်။
- **မတ်လ ၂၆** - မကွေးတိုင်းပခုက္ကူမြို့နယ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအားထောက်ခံဆန္ဒပြပွဲတွင်ဦးဆောင်ပါဝင်ခဲ့သည့်အတွက် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းအုပ်စုမှ တက်ကြွလှုပ်ရှားသူများဖြစ်သောကိုသန်းနိုင်၊ ကိုပြုံးချို၊ မမီးမီးနှင့်မနီလာသိန်းတို့အား ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေ ပုဒ်မ ၁၈ ဖြင့်ဒေသခံရဲများကဖမ်းဆီးထိန်းသိမ်းတရားစွဲဆိုခဲ့သည်။
- **မတ်လ ၂၆** - ယခုလစောစောပိုင်းက လွှတ်တော်မှအတည်ပြုလိုက်သော လျှပ်စစ်မီတာခတိုးမြှင့်ကောက်ခံခြင်းအား ဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် ရန်ကုန်တွင်လူနှစ်ဦးအားဒေသခံအာဏာပိုင်များက ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့သည်။ သူတို့သည်နောက်ပိုင်းတွင် အာမခံနှင့်ပြန်လွတ်လာကြသည်။
- **မတ်လ ၂၇** - လျှပ်စစ်မီတာခတိုးမြှင့်ကောက်ခံခြင်းအားဆန္ဒပြမှုများအတွင်း မန္တလေးမှဒေသခံရဲများကဆန္ဒပြသူလေးဦးဖြစ်သော ကိုသိန်းအောင်မြင့်၊ကိုစောလှအောင်၊ကိုကျော်မျိုးထွန်းနှင့်မတင်တင်ခက်တို့အား ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေပုဒ်မ ၁၈ ဖြင့်ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

UN - အသွင်ကူးပြောင်းရေးအကဲဆတ်ဆဲ

မတ်လ ၁၂ ရက်တွင် UN လူ့အခွင့်အရေးကောင်စီသို့တင်သည့် သူ၏ပုံမှန်အစီရင်ခံစာထဲတွင် UN မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက မြန်မာနိုင်ငံမှဒီမိုကရေစီအသွင်ကူးပြောင်းရေး

သည် အကဲဆတ်ဆဲဖြစ်ကာ အရေးမယူသောပစ်မှုများနှင့်စနစ်တကျခွဲခြားဖိနှိပ်ဆက်ဆံမှုများကို (အထူးသဖြင့်ရခိုင်ပြည်နယ်မှ) ကိုင်တွယ်ဖြေရှင်းခြင်းမပြုသမျှကာလပတ်လုံး ၎င်းတို့မှပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တခုလုံးအားထိခိုက်ပျက်ဆီးစေသောအန္တရာယ်ရှိလာနိုင်ပါသည်ဟု ပြောကြားလိုက်သည်။ ထိုအစီရင်ခံစာတွင်အောက်ပါအဓိက စိုးရိမ်ဖွယ်ကိစ္စရပ်များပါဝင်ပါသည်။

- ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သော ရခိုင်ပြည်နယ်မှရိုဟင်ဂျာဆန့်ကျင်ရေးအကြမ်းဖက်မှုများ၊ စွပ်စွဲထားသောအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ကိုင်တွယ်ရန်ပြည်တွင်းစုံစမ်းစစ်ဆေးမှုမရှိခြင်း။
- အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးအမုန်းပွားမှုများပေါ်အခြေခံသည့် အကြမ်းဖက်မှုများဖြစ်ပေါ်စေရန် လှုံ့ဆော်ဖြန့်ဝေမှုများအား မကိုင်တွယ်မဖြေရှင်းခြင်း။
- နိုင်ငံရေးအကျဉ်းသားများအားထိန်းသိမ်းခြင်း၊ ထိန်းသိမ်းရာနေရာများတွင် ညှင်းပန်းနှိပ်စက်မှုများဆက်လက်ဖြစ်ပွားနေခြင်းနှင့်တာဝန်ယူမှုမရှိခြင်း။
- ပုံနှိပ်ထုတ်ဝေရေးဥပဒေအရ လိုင်စင်ထုတ်ပေးခြင်းနှင့်ပါဝင်မှုများအားထိန်းညှိခြင်းတို့တွင် ဝင်ရောက်စွက်ဖက်နေခြင်း။
- လွတ်လပ်သောတရားစီရင်မှုမရှိခြင်းနှင့် မြေယာသိမ်းဆည်းခြင်းနှင့်မောင်းထုတ်ခံရခြင်းတို့၏သားကောင်များအတွက် တရားဥပဒေစိုးမိုးမှုမရှိခြင်း။
- အရေးကြီးသောဥပဒေပြုရေးအပြောင်းအလဲများလုံလောက်သည့်အရေအတွက်မရှိခြင်း။
- နိုင်ငံရေးအရအန္တရာယ်ရှိသည့် အမှုကိစ္စများတွင်ပါဝင်ပတ်သက်သော၊ စစ်တပ် သို့ အာဏာပိုင်များနှင့်ဆန့်ကျင်ရသောအမှုများတွင်ပါဝင်ပတ်သက်သော ရှေ့နေများအတွက်အကာအကွယ်မဲ့နေခြင်း။

UNHCR မှမြန်မာနိုင်ငံအတွက်ဆုံးဖြတ်ချက်ချမှတ်

မတ်လ ၂၈ ရက်တွင် UN **လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်တခုအားအားလုံးသဘောတူဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့သည်။ ထိုဆုံးဖြတ်ချက်ကအောက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ စိုးရိမ်မှုများကိုဖော်ပြထားသည်။**

- ကျိုးကြောင်းမဲ့စိတ်ထင်သလိုဖမ်းဆီးမှု၊ အတင်းအကြပ်အိုးအိမ်မှဖယ်ရှားစေမှု၊ မုဒိမ်းပြုကျင့်မှု၊ နှိပ်စက်ညှင်းပန်းမှုနှင့်မြေယာသိမ်းဆည်းမှုတို့အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ။
- ဒူးချီးယားတန်းဖြစ်ရပ်အပေါ် လွတ်လပ်သည့်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်နှင့် တာဝန်ရှိသူများကိုအရေးယူပါရန်ပန်ကြားထားကာ ရခိုင်ပြည်နယ်မှရိုဟင်ဂျာနှင့်အခြားလူနည်းစုများ၏အခြေအနေ။
- ရခိုင်ပြည်နယ်တွင်လုပ်ကိုင်နေကြသော UN နှင့်အခြားလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းများအားခြိမ်းခြောက်မှုများ။
- လူ့အခွင့်အရေးအတွက် ကုလသမဂ္ဂမဟာမင်းကြီးရုံးအတွက် နိုင်ငံဆိုင်ရာရုံးဖွင့်နိုင်ရန်ထပ်မံကြန့်ကြာနေမှုများ။

ထိုဆုံးဖြတ်ချက်က နိုင်ငံတကာလူ့အခွင့်အရေးနှင့်နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေများအား ချိုးဖောက်မှုများနှင့်ပတ်သက်သည့်အစီရင်ခံစာအားလုံးကို အပြည့်အဝပွင့်လင်းမြင်သာ၍လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပေးပါရန်နှင့် တာဝန်ယူမှုရှိမှုကိုသေချာစေရန်၊ အရေးမယူသောရာဇဝတ်မှုများကိုအဆုံးသတ်နိုင်ရန်တို့အတွက် လိုအပ်သောလုပ်ဆောင်မှုများလုပ်ဆောင်ပါရန် အစိုးရအား၎င်းတို့၏တောင်းဆိုချက်ကို ထပ်မံဖော်ပြထားပါသည်။ ထိုဆုံးဖြတ်ချက်က မကြာသေးမီကဖမ်းဆီးထားသူများအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးအားပြန်လွှတ်ပေးပါရန်နှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်မကိုက်ညီသော ဥပဒေများအားပယ်ဖျက်ပေးပါရန်လည်း အစိုးရအားတိုက်တွန်းထားသည်။ ထိုဆုံးဖြတ်ချက်က **မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးအထူး ကိုယ်စားလှယ်၏လုပ်ပိုင်ခွင့်ကို နောက်ထပ်တနှစ်သက်တမ်းထပ်တိုးလိုက်သည်။**

ACSC/APF မှအာဆီယံဒေသတွင်းလူ့အခွင့်အရေးကာကွယ်ရေးအတွက်နောက်ထပ်ယန္တရားများရှိရန်တောင်းဆို

မတ်လ ၂၃ ရက်နေ့တွင် အာဆီယံလူထုတွေ့ဆုံပွဲများအနက်အကြီးဆုံးဖြစ်သွားခဲ့သော တက်ရောက်သူ ၃၀၀၀ စံချိန်ကိုရရှိခဲ့သည့် ၃ ရက်တာ၂၀၁၄ခု အာဆီယံလူထုအဖွဲ့အစည်းကွန်ဖရင့်/အာဆီယံလူထုဖိုရမ် (ACSC/APF) သည် ရန်ကုန်မြို့တွင်ပြီးဆုံးသွားခဲ့ပြီဖြစ်ပါသည်။ ထိုကွန်ဖရင့်က အာဆီယံအစိုးရများအား လူ့အခွင့်အရေးကာကွယ်မှုယန္တရားများကိုပိုမိုဖွံ့ဖြိုးလာအောင်လုပ်ဆောင်ပေးပါရန် တောင်းဆိုလိုက်သည်။

၂၀၁၄ခု ACSC/APF ကြေငြာချက်တွင် အထူးသဖြင့်မြန်မာအစိုးရအား ကြာရှည်တည်တံ့ခိုင်မြဲမည့်ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် “အမှန်တရား၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ လူမှုတရားမျှတမှု၊ ယုံကြည်မှု” တို့သို့ဦးတည်လုပ်ဆောင်ရန်တိုက်တွန်းထားပါသည်။ ထိုကြေငြာချက်က မြန်မာနိုင်ငံတွင်ဒီမိုကရေစီကျသော နိုင်ငံရေး၊စီးပွားရေး၊ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်မှုများ အရေးတကြီးလိုအပ်မှုကိုလည်းမီးမောင်းထိုးပြထားကာ လူထုလူ့အဖွဲ့အစည်းများနှင့်လူသားချင်းစာနာမှုဆိုင်ရာလုပ်ဆောင်နေသူများအတွက် ကိုယ်ကာယအားဖြင့် သို့မဟုတ် တရားစီရင်ရေးအရ ခြိမ်းခြောက်မှု၊ ဖမ်းဆီးမှု၊ ထောင်သွင်းအကျဉ်းချမှု၊ သတ်ဖြတ်မှု သို့မဟုတ် အခြားအကြမ်းဖက်မှု သို့မဟုတ် သူတို့၏အခြေခံလွတ်လပ်မှုများအားကန့်သတ်ချုပ်ချယ်မှု စသည့်စိုးရိမ်ကြောင့်ကြရမှုတို့ရှိရန်မလိုပဲ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်နိုင်၊စွမ်းဆောင်နိုင်သောဝန်းကျင်တခုဖန်တီးပေးပါရန် မြန်မာအာဏာပိုင်များအား တိုက်တွန်းထားပါသည်။

ထိုကြေငြာချက်ကသဘာဝပတ်ဝန်းကျင်နှင့် ရွှေ့ပြောင်းကလေးသူငယ်များ၊ လိင်လုပ်သားများ၊ အမျိုးသမီးများ၊ LGBTIQ များ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒေသခံနှင့်ဌာနေတိုင်းရင်းသားလူ့အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ၊စာနယ်ဇင်းသမားများ၊ လူထုလူ့အဖွဲ့အစည်းများနှင့်ဘာသာရေးအုပ်စုများ၏အခွင့်အရေးနှင့်လွတ်လပ်မှု တို့ကိုအကာအကွယ်ပေးရန် တောင်းဆိုထားပါသည်။

ဗိုလ်ချုပ်ကြီးဟောင်းမှမှားယွင်းစွာလုပ်ဆောင်ခဲ့မှုများအတွက်တောင်းပန်

အာဆီယံလူထုအဖွဲ့အစည်းကွန်ဖရင့်/အာဆီယံလူထုဖိုရမ် (ACSC/APF) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသောအမှာစကားတွင် NLD ၏အဓိကအထောက်အပံ့ပေးသူ၊ တပ်မတော်ဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦးက တပ်မတော်တွင်သူတာဝန်ထမ်းဆောင်စဉ်အတွင်း လူထုအား ဒုက္ခရာယ်ဖြစ်စေမှုများအတွက် တောင်းပန်လိုက်ကာ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဝေဖန်လိုက်ပြီး၊ အခြေခံဥပဒေ၊ ဥပဒေပြုရေး၊ အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများသို့ လုပ်ဆောင်သွားခြင်းဖြင့် ငြိမ်းချမ်းရေး၊ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတို့အတွက်ရပ်တည်လှုပ်ရှားရန်လိုအပ်ပုံကို ထပ်မံပြောကြားသွားခဲ့သည်။ သူကတိုင်းရင်းသားပြည်နယ်များတွင် ပဋိပက္ခများ၏ရလဒ်အဖြစ်အမျိုးသမီးနှင့်ကလေးများဆက်လက်အကြမ်းဖက်ခံနေရခြင်းနှင့် ကလေးအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းနှင့် CEDAW တို့တွင်လက်မှတ်ထိုးထားသည့်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှတာဝန်ရှိမှုကို ဖြည့်ဆည်းရန်လိုအပ်မှုတို့ကိုလည်း အလေးပေးပြောဆိုသွားသည်။

စီးပွားရေး

အစိုးရမှရေနံလုပ်ကွက်လုပ်ကိုင်ခွင့်ရသူများအားကြေငြာ



မြန်မာနိုင်ငံ၏အနောက်နှင့်တောင်ဘက်ကမ်းခြေနှင့် မုတ္တမပင်လယ်ကွေ့တို့ရှိ ရေတိမ်လုပ်ကွက်ဆယ်ခုနှင့်ရေနက်လုပ်ကွက်ဆယ်ခုတို့တွင်ရေနံရှာဖွေလုပ်ကိုင်နိုင်ရန် ယှဉ်ပြိုင်ထားသူများမှလုပ်ကိုင်ခွင့်ရရှိသွားသည့် ကုမ္ပဏီ ၁၂ ခုတို့အား မတ်လ ၂၆ ရက်နေ့တွင်အစိုးရ၏စွမ်းအင်ဝန်ကြီးဌာနမှကြေငြာလိုက်သည်။ ယှဉ်ပြိုင်မှုမရှိသေးသောနောက်ထပ်လုပ်ကွက်ဆယ်ခုကိုလည်း ပြန်လည်၍စားရင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

အစိုးရ၏စွမ်းအင်ဝန်ကြီးဌာန၏အဆိုအရ လုပ်ကိုင်ခွင့်ရရှိသူများသည် နိုင်ငံပိုင် မြန်မာ့ရေနံနှင့်ဓါတ်ငွေ့လုပ်ငန်း (MOGE) နှင့်ထုတ်ကုန်ဝေမျှမှု

ဆိုင်ရာစာချုပ်ကိုလက်မှတ်ထိုးရမည်ဖြစ်ကာ လုပ်ငန်းစတင်ရန်နှစ် ၃၀ လိုင်စင်မရရှိသေးခင်တွင် အနည်းဆုံးအမေရိကန်ဒေါ်လာ ၃ ဘီလီယံရင်းနှီးမြှုပ်နှံရမည့်ဖြစ်ပါသည်။ ရေတိမ်လုပ်ကွက်များတွင်လုပ်ကိုင်ခွင့်ရရှိသူများမှာလည်း သူတို့၏လိုင်စင်များမရရှိခင်တွင် ဒေသခံကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ရန်လိုအပ်မည်ဖြစ်ပါသည်။ MOGE သည်ထုတ်ကုန်ဝေမျှမှုစာချုပ်များမှ အမေရိကန်ဒေါ်လာ ၂၂၆.၁ သန်းရရှိမည်ဖြစ်ပါသည်။

ရေတိမ်လုပ်ကွက်လုပ်ကိုင်ခွင့်ရရှိသူများ	ရေနက်လုပ်ကွက်လုပ်ကိုင်ခွင့်ရရှိသူများ
အမေရိကန်မှ Chevron (A-5) နယ်သာလန်မှ Netherlands' Berlanga Holding (M-8) သြစတေးလျမှ Transcontinental Group (M-15) အိန္ဒိယမှ Reliance Industries (M-17, M-18) အင်္ဂလန်မှ BG Group နှင့် သြစတေးလျမှ Woodside Petroleum (A-4, A-7) အိန္ဒိယမှ Oil India, Mercator Petroleum, နှင့် Oilmax Energy (M-4, YEB) သြစတေးလျမှ ROC Oil နှင့် Tap Oil (M-7)	အင်္ဂလန်မှ Ophir Energy (AD-3) အီတလီမှ Eni (MD-2, MD-4) ပြင်သစ်မှ Total (YWB) အင်္ဂလန်မှ BG Group နှင့် သြစတေးလျမှ Woodside Petroleum (AD-2, AD-5) နယ်သာလန်မှ Shell နှင့်ဂျပန်မှ Mitsui Oil Exploration (AD-9, AD-11, MD-5) နော်ဝေးမှ Statoil & US's ConocoPhillips (AD-10)

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အန္တရာယ်မြင့်မားကာဒုတိယကန့်သတ်မှုအကြီးဆုံးအဖြစ်အဆင့်သတ်မှတ်ခံရ

မတ်လ ၁ ရက်နေ့တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ (OECD) မှ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုမူဝါဒကို ခွဲခြမ်းစိတ်ဖြာထားသော "ရင်းနှီးမြှုပ်နှံမှု မူဝါဒပြန်လည်သုံးသပ်မှု - ၂၀၁၄ မြန်မာနိုင်ငံ" အမည်ရှိအစီရင်ခံစာကိုထုတ်ပြန်လိုက်ကာ မြန်မာနိုင်ငံ၏ဥပဒေဆိုင်ရာကန့်သတ်မှုများသည် မြန်မာနိုင်ငံအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ဒုတိယကန့်သတ်မှုအကြီးဆုံးစီးပွားရေး ဖြစ်စေခဲ့သည်ဟုပြောကြားထားသည်။ ထိုအစီရင်ခံစာက ထိုကန့်သတ်မှုများကို ဖြေလျှော့ပေးမည်ဆိုပါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) သည်ယခုထက် ၃၀% တိုးလာနိုင်သည်ဟု ခန့်မှန်းထားသည်။ OECD အစီရင်ခံစာက ရင်းနှီးမြှုပ်နှံသူများအား ပိုမိုသေချာမှုပေးနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများအားချိုးဖောက်မှုများအတွက် အစိုးရမှဥပဒေကြောင်းအရတာဝန်ခံရခြင်းတို့ကို အကာအကွယ်ပေးနိုင်ရန် ရှင်းလင်းစွာဘောင်ချသတ်မှတ်ထားသော ဥပဒေရေးရာအကာအကွယ်ပေးမှုနှင့် ကြိုတင်မှန်းဆနိုင်မှုတို့ကို ရင်းနှီးမြှုပ်နှံသူများအား အစိုးရမှပိုမိုပံ့ပိုးပေးသင့်သည်ဟု အကြံပြုထားသည်။

မတ်လ ၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးစောင့်ကြည့်မှုအဖွဲ့ (BMI) ၏ "အရှေ့တောင်အာရှစောင့်ကြည့်မှု - အတွဲ ၁" ကအစိုးရ၏ အရပ်ဘက်ပုံသန်းရေးဌာနနှင့် မူလကပဲခူးတိုင်းဟံသာဝတီလေယာဉ်ကွင်း ဆောက်လုပ်ခွင့်ရရှိထားသော တောင်ကိုရီးယားစီးပွားရေးအုပ်စုတို့အကြား ညှိနှိုင်းမှုပျက်ပြယ်သွားခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက်အဓိကအန္တရာယ်ဖြစ်စေသည့် မြန်မာနိုင်ငံအတွင်းမှနိုင်ငံရေးတည်ငြိမ်မှုပြိုကွဲခြင်းမြင်ကွင်းရှိနေခြင်းကို ညွှန်ပြလိုက်ခြင်းပင်ဖြစ်သည်ဟုပြောကြားထားသည်။

BMI က၂၀၁၅မတိုင်ခင်တွင်အစိုးရမှ ဖွဲ့စည်းပုံအခြေခံဥပဒေအား အဓိပ္ပါယ်ပြည့်ဝသောနည်းလမ်းဖြင့် မပြင်ဆင်နိုင်ခြေပိုမိုမြင့်တက်လာနေသည်ဟု ခန့်မှန်းထားပြီး ထိုသို့မပြုလုပ်မှုသည်ပြုပြင်ပြောင်းလဲရေးအားမောင်းနှင်နေမှုကို ထိခိုက်သက်ရောက်ကာ စိန်ခေါ်မှုများရှိနေပြီးဖြစ်သောစီးပွားရေးလုပ်ငန်းဝန်းကျင်ကို မတည်မငြိမ်ဖြစ်စေနိုင်သည်ဟု မှတ်ချက်ပြုပြောကြားထားသည်။

SEZ ဖွံ့ဖြိုးမှုအပေါ်တည်ငြိမ်မှုမရှိသောတိုးတက်မှု

မတ်လတလုံးတွင် ရင်းနှီးမြှုပ်နှံသူများမှသီလဝါနှင့်ထားဝယ်အထူးစီးပွားရေးဇုံဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကိုထုတ်ဖော်ပြသလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏အထူးစီးပွားရေးဇုံ SEZ သုံးခုသည် ၎င်းတို့၏နှေးကွေးသော၊ တည်ငြိမ်မှုမရှိသော ဖွံ့ဖြိုးမှုများဖြင့်ဆက်လက်သွားနေကြပါသည်။

သီလဝါအထူးစီးပွားရေးဇုံ၏ အများအပြားမျှော်လင့်ထားသော ရှေ့ဆောင်လူထုကမ်းလှမ်းမှု (IPO) သည်ထင်သလိုဖြစ်မလာပဲကျရှုံးခဲ့ရသည်။

- **မတ်လ ၃** - သီလဝါ SEZ ကုမ္ပဏီများသည် ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ မြန်မာအေးပက်စ်ဘဏ်၊ သမဝါယမဘဏ်နှင့်ရိုးမဘဏ် ဘဏ်ခွဲများမှတဆင့် ၎င်း၏ IPO များကိုထုတ်ပြန်လိုက်သည်။
- **မတ်လ ၃** - ဆက်သွယ်ရေးနှင့်စီစဉ်မှုညံ့ဖျင်းသောကြောင့် အချို့ဘဏ်ခွဲများသည် IPO နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလက်ခံမရရှိပဲ သီလဝါ SEZ ကုမ္ပဏီများသို့ ရှယ်ယာဝယ်ယူလိုသူများထံမှ လွှဲချော်သွားခဲ့ရသည်။
- **မတ်လ ၁၄** - သီလဝါ SEZ သည်၎င်း၏ ၂.၁၄ သန်းရှယ်ယာများမှ ၇ သိန်းကိုရောင်းချခဲ့သော်လည်း ဧပြီလ ၉ ရက်နေ့အထိမှာမူ ရောင်းချရန်ကမ်းလှမ်းမှုအဖြစ်သာရှိနေသေးပါသည်။

၂၀၁၃ခု နိုဝင်ဘာလတွင် ထိုင်းကုမ္ပဏီဖြစ်သော အီတာလျံ-ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီ (ITD) ထွက်သွားပြီးနောက် ထားဝယ် SEZ သည် ဆက်လက်ရှင်သန်နေကြောင်း ပထမဆုံးလက္ခဏာကိုပြသခဲ့သည်။

- **မတ်လ ၇** - ထိုင်းအခြေစိုက် အက်ဒမန်စွမ်းအင်နှင့်အသုံးပြုမှု ကုမ္ပဏီဝက်ဘ်ဆိုဒ်က ၎င်းတို့အားထားဝယ် SEZ ၏အဓိကလျှပ်စစ်ပံ့ပိုးပေးသူအဖြစ် မြန်မာအစိုးရ၏စွမ်းအင်ဝန်ကြီးဌာနက ရွေးချယ်ခဲ့သည်ဟုကြေငြာခဲ့သည်။
- **မတ်လ ၂၄** - ဖေဖော်ဝါရီလကတည်းကယှဉ်ပြိုင်ရန်စတင်ခေါ်ယူခဲ့သော ထားဝယ် SEZ မှစီမံကိန်းသုံးခု (မြန်မာ-ထိုင်းအပြိုင်အဝေးပြေးလမ်း၊ ဆိပ်ကမ်းအသေးစားတခု၊ စက်မှုဇုံ) အားတည်ဆောက်ရန်ယှဉ်ပြိုင်မှုကို မည်သည့်ရင်းနှီးမြုပ်နှံသူကမျှလျှောက်ထားမလာပါဟု သတင်းရရှိခဲ့ပါသည်။ ထားဝယ် SEZ အုပ်ချုပ်ရေးက ဧပြီလတွင်လုပ်ကိုင်ခွင့်ရရှိသူများကိုကြေငြာနိုင်ရန် မျှော်လင့်ထားခဲ့ပါသည်။

ကျောက်ဖြူ SEZ သည်၎င်း၏တည်ဆောက်မှုအဆင့် ၂ သို့ဆက်လက်လုပ်ဆောင်ခဲ့သည်။

- **မတ်လ ၃** - ကျောက်ဖြူ SEZ အတွက်အကြံပေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် စင်္ကာပူအခြေစိုက် CPG ကုမ္ပဏီမှဦးဆောင်သည့် စီးပွားရေးလုပ်ငန်းစုအားရွေးချယ်လိုက်သည်ဟု အစိုးရမှကြေငြာလိုက်သည်။
- **မတ်လ ၁၃** - ကျောက်ဖြူ SEZ တည်ဆောက်မှုကို အုပ်ချုပ်ကြီးကြပ်ရန်အတွက် အဖွဲ့ဝင် ၁၁ ခုပါပြည်သူ့ကုမ္ပဏီကိုလည်း အစိုးရမှခန့်အပ်လိုက်သည်ဟုသတင်းရရှိခဲ့သည်။

<u>မတ်လအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ</u>

၁	တိုင်းဒေသကြီးဝန်ကြီးဗိုလ်မှူးကြီးတင်ဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအိမ်ထောင်စုပေါင်း ၅၃၀၀၀ ကျော်တို့အား ၁၈၉၈ ခုအောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာအက်ဥပဒေအရ ပြောင်းရွှေ့ဖယ်ရှားပေးရန် သတိပေးထားပြီးဖြစ်သည်ဟုပြောကြားခဲ့သည်။
၃	စစ်ကိုင်းတိုင်းမုံရွာမြို့ပျားတောင်ခြေတွင် မုံရွာ (လက်ပံတောင်းတောင်) ကြေးနီမိုင်းမှ ဘုရားနှင့်ရှေးဟောင်းသိမ်အဆောက်အဦးအားဖျက်ဆီးခြင်းကို ဆန့်ကျင်သည့်ဆုတောင်းပွဲအခမ်းအနားအတွက် လူ ၅၀ ကျော်ခန့်စုဝေးခဲ့ကြသည်။
၃	မြန်မာနိုင်ငံတွင်တယ်လီကွန်းတာဝါတိုင်များတိုးမြှင့်ရန်အတွက် Ooredoo နှင့် Telenor ကုမ္ပဏီတို့ဖြင့်အတူလုပ်ကိုင်ရန် စင်္ကာပူအခြေစိုက် မြန်မာဖိုင်ဘာအောပ်တစ်ဆက်သွယ်ရေးကွန်ယက်၊ ဂျာမေကာအခြေစိုက် Digicel၊ စင်္ကာပူအခြေစိုက် အပိုလိုတာဝါ Apollo Towers တို့ကိုမြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကုမ္ပဏီမှ ခွင့်ပြုပေးခဲ့သည်။
၃	ထရန်းပြည်နယ်၊ ကန်တန်ခရိုင်မှထိုင်းရဲများက ထိုင်းငါးဖမ်းလုပ်ငန်းတခုတွင်အတင်းအကြပ်အလုပ်ခိုင်းစေခြင်းခံခဲ့နေရသော ရခိုင်ပြည်နယ်မှရွှေ့ပြောင်းအလုပ်သမား ၆ ဦးအားကယ်တင်ပေးခဲ့သည်။
၃	မကွေးတိုင်းပခုက္ကူမြို့နယ်တွင် ၁၉၂၃ တရားဝင်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် တရားစွဲဆိုခြင်းခံနေရသော ယူနတီဂျာနယ် CEO နှင့်သတင်းထောက် ၄ ဦးတို့အတွက်အာမခံကို ပခုက္ကူခရိုင်တရားရုံးမှတရားသူကြီးဦးကျော်ကျော်ဌေးက ပယ်ချခဲ့သည်။
၄	UK အခြေစိုက် NGO ဖြစ်သော သဘာဝပတ်ဝန်းကျင်တရားမျှတမှုဖောင်ဒေးရှင်း Environmental Justice Foundation ၏အစီရင်ခံစာဖြစ်သော "ပင်လယ်မှကျွန်စနစ်" က ထိုင်းငါးဖမ်းလုပ်ငန်းမှ မြန်မာအလုပ်သမားများအား အတင်းအကြပ်ခိုင်းစေခံရမှုနှင့်လူကုန်ကူးခံရမှု ပြဿနာအသစ်များအား အသေးစိတ်ဖော်ပြထားသည်။

၅	World Justice Project အဖွဲ့က ၎င်း၏ တရားဥပဒေစိုးမိုးမှုအညွှန်း ၂၀၁၄ခု အစီရင်ခံစာထဲတွင် ၎င်း၏တရားဥပဒေစိုးမိုးမှုသို့ကမ္ဘာလုံးဆိုင်ရာလိုက်နာမှုနှင့်ဆက်စပ်လေ့လာခဲ့သည့် ၉၉ နိုင်ငံအနက် မြန်မာနိုင်ငံအား အဆင့် ၈၉ သတ်မှတ်ခဲ့သည်။
၅	US ကွန်ဂရက်က ၂၀၁၃ခု US ကာကွယ်ရေးဝန်ကြီးဌာန အစီရင်ခံစာကိုအားလုံးသို့ချပြခဲ့ကာ ၎င်းတွင်မြောက်ကိုရီးယားမှ နယူးကလီးယားမဟုတ်သော၊ ပဲ့ထိန်းဒုံးကျည်နှင့်ဆက်စပ်သည့် ကိရိယာများ၊ အစိတ်အပိုင်းများ၊ ပစ္စည်းများ၊ နည်းပညာအကူအညီများ သတိထားမိလောက်အောင်ရယူသည့်နိုင်ငံများအဖြစ် အီရန်၊ဆီးရီးယားတို့နှင့်အတူမြန်မာနိုင်ငံအားအတူတူထည့်သွင်းဖော်ပြထားသည်။
၅	မြန်မာနှင့်ကိုရီးယားသမ္မတနိုင်ငံတို့သည် နေပြည်တော်တွင်ဒေသတွင်းဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာ MoU ကိုလက်မှတ်ထိုးခဲ့သည်။
၆	အစိုးရ၏ရွေးကောက်ပွဲကော်မရှင်က ရခိုင်အမျိုးသားပါတီအားမှတ်ပုံတင်ခွင့်ပြုလိုက်သည်။
၆	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက သမ္မတဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ လေးပွင့်ဆိုင်တွေ့ဆုံရန်အဆင်သင့်ဖြစ်နေပါသည်ဟု ပြောကြားလိုက်သည်။
၇	အစိုးရ၏ဒုသမ္မတဦးညွန့်ထွန်းက အမျိုးသားလွှတ်တော်မှလက်ခံရရှိသောလယ်သမားများ၏ တိုင်ကြားစာ ၃၃၈၇ ခုကို ကိုင်တွယ်ဖြေရှင်းပေးရန်နှင့် သိမ်းယူထားသောမြေများကိုပိုင်ရှင်အမှန်ထံသို့ ပြန်လည်ပေးအပ်ရန်ကြိုးပမ်းနေမှုကို တိုးမြှင့်လုပ်ဆောင်ကြပါရန်အာဏာပိုင်များအား တိုက်တွန်းလိုက်သည်။
၇	ရန်ကုန်မြို့တိုက်ကြီးမြို့နယ်မှ လူ ၅၀၀ ကျော်တို့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန်အတွက် ဆန္ဒပြခဲ့ကြသည်။
၉	ရန်ကုန်မှသတင်းစာရှင်းလင်းပွဲတခုတွင် ဒေါ်အောင်ဆန်းစုကြည်က စာနယ်ဇင်းလွတ်လပ်ခွင့်ကိုသေချာစေမည့် ဥပဒေမရှိသည့်အတွက် မြန်မာနိုင်ငံတွင်မီဒီယာလွတ်လပ်ခွင့်မရှိပါဟုသူမကပြောကြားလိုက်သည်။
၉	ဒေါ်အောင်ဆန်းစုကြည်ကသမ္မတဦးသိန်းစိန်နှင့် နေပြည်တော်မှသူ၏အိမ်တွင်သီးသန့်တွေ့ဆုံခဲ့သည်။
၁၀	မြန်မာအရေးအဓိကလုပ်ဆောင်သည့် NGO ၁၄ ခုတို့ပါဝင်သည့် ဥရောပမြန်မာကွန်ယက်က ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ နိုင်ငံတွင်းမှလူ့အခွင့်အရေးချိုးဖောက်မှုများအား အဆုံးသတ်ရန်အစိုးရမှလုပ်ဆောင်ချင်စိတ်မရှိမှုနှင့် နိုင်ငံတကာဥပဒေများအား ဆက်လက်ချိုးဖောက်နေမှုများကို မီးမောင်းထိုးပြလိုက်ရင်း UNHCR မှအစိုးရအပေါ်ဖိအားများအားဆက်လက်ထိန်းသိမ်းထားပါရန် တိုက်တွန်းထားသည်။
၁၁	မောင်တောခရိုင်တရားရုံးမှ မွတ်စလင် ၈ ဦးအားအမှုမှလွှတ်ပေးလိုက်ကာ အခြားမွတ်စလင် ၈ ဦးအားရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းအားသတ်မှုဖြင့် တရားစွဲဆိုလိုက်သည်။
၁၂	ဂေါက်ကွင်းတည်ဆောက်ရန် တပ်မတော်မှသိမ်းယူပြီးသည်နှင့် ထိုမြေများသို့ပြန်လည်လာရောက်ခဲ့ပါက ပိုင်နက်ကျူးလွန်မှုဖြင့်တရားစွဲခံရမည်ဖြစ်ကြောင်းဖော်ပြထားသည့် ကြော်ငြာစာရွက်များပေါ်တွင်လက်မှတ်ထိုးပေးပါရန် ရှမ်းပြည်နယ်တောင်ပိုင်းနမ့်စမ်မြို့နယ်ခိုလမ်ရွာမှဒေသခံရွာသားများအား ဒေသခံအာဏာပိုင်များကတောင်းဆိုခဲ့သည်။
၁၃	လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့ပြီး UN ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံမှတပ်များပါဝင်ပါရန် UN မှကမ်းလှမ်းမှုကိုရှုံ့ချလိုက်ကာ ၎င်းသည်ငြိမ်းချမ်းရေးထိန်းသိမ်းမှုစံနှုန်းများကို ယုတ်လျော့နိမ့်ကျစေပြီးအလွဲအသုံးပြုမှုများ (အကြမ်းဖက်မှုများ) ဖြစ်ပေါ်သွားစေနိုင်သည်ဟုပြောကြားလိုက်သည်။
၁၄	အပြည်အပြည်ဆိုင်ရာမြစ်များအတွက်လုပ်ဆောင်မှုနေ့တွင် မြန်မာနိုင်ငံမြစ်များကွန်ယက်၊ လူထုအဖွဲ့အစည်း ၁၀၀ ကျော်နှင့်နိုင်ငံရေးပါတီများက တိုင်ရင်းသားအုပ်စုများမှလူ ၃၃၅၃၈ ယောက်လက်မှတ်ထိုးထားသောစာကိုတင်ပြခဲ့ကာ သံလွင်မြစ်ပေါ်တွင် ရေကာတာ ၆ ခု တည်ဆောက်ရန်အစီအစဉ်အားချက်ချင်းရပ်ဆိုင်းပေးပါရန် အစိုးရအားတောင်းဆိုလိုက်သည်။
၁၄	မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ UK မှဒါရိုက်တာမတ်ခ်ဖာမနာ Mark Farmaner က နိုင်ငံတကာဥပဒေအားဖောက်ဖျက်သည့်ပြင်းထန်သောလူ့အခွင့်အရေးချိုးဖောက်မှုများ မြန်မာနိုင်ငံတွင်ရှိနေဆဲဖြစ်သည်ဟုပြောကြားလိုက်ကာ ရိုဟင်ဂျာမွတ်စလင်များအားဆန့်ကျင်ဖြစ်ပေါ်နေသည့် လူသားဆန်မှုကိုပျက်ယွင်းစေသောရာဇဝတ်မှုများအား နိုင်ငံတကာစုံစမ်းစစ်ဆေးရေးပြုလုပ်ရန်အတွက် UK အစိုးရမှထောက်ခံပံ့ပိုးပေးပါရန်တိုက်တွန်းထားသည်။
၁၆	အပြည်ပြည်ဆိုင်ရာနယ်စည်းမခြားဆရာဝန်များအဖွဲ့မှဥက္ကဋ္ဌဂျိုအန်လျူး Joanne Liu သည်ရခိုင်ပြည်နယ်ရှိဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများအား ထိန်းသိမ်းထားရန်အတွက် နေပြည်တော်တွင်အစိုးရပြည်ထဲရေးဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကျန်းမာရေးဝန်ကြီးဦးဖေသက်ခင်နှင့် နယ်စပ်ရေးရာဒုဝန်ကြီးဗိုလ်ချုပ်ကြီးမောင်မောင်အုန်းတို့နှင့်တွေ့ဆုံခဲ့သည်။
၁၆	ကချင်ပြည်နယ်မြစ်ကြီးနားမှမိန့်ခွန်းပြောကြားမှုတခုအတွင်း သမ္မတဦးသိန်းစိန်သည် အရှည်တည်တံ့နိုင်မြဲသောငြိမ်းချမ်းရေးကိုလိုလားကာ တပ်မတော်မှမြန်မာပြည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အပြည့်အဝထောက်ခံပါကြောင်းပြောကြားခဲ့သည်။
၁၇	၁၉၂၃ ခုတရားဝင်လျှို့ဝှက်ချက်အက်ဥပဒေဖြင့်တရားစွဲဆိုထားခြင်းခံနေရသည့် ယူနတီအပတ်စဉ်ဂျာနယ်မှသတင်းထောက်ကိုလူမော်နိုင်၊ကိုရာဇာဦး၊ကိုပိုင်သက်ကျော်၊ကိုစည်သူစိုးနှင့် CEO ကိုတင့်ဆန်းတို့သည် တရားရင်ဆိုင်ကြားနာမှုပထမနေ့အဖြစ် မကွေးတိုင်းပခုက္ကူခရိုင်တရားရုံးသို့ရုံးထွက်လာကြသည်။

၁၈	အစိုးရဆောက်လုပ်ရေးဒုဝန်ကြီးဦးဝင်းမြင့်က ကျောက်ဖြူ SEZ နှင့်တရုတ်နိုင်ငံတို့ကိုဆက်သွယ်ပေးမည့် ကျောက်ဖြူ-ရွှေလီ ဟိုင်းဝေးကားလမ်းဖောက်လုပ်ရန် တရုတ်နိုင်ငံမှချေးငွေအမေရိကန်ဒေါ်လာ ၂ ဘီလီယမ်ရယူရန်ကိစ္စကို အစိုးရမှပယ်ဖျက်လိုက်ကြောင်း အတည်ပြုပြောကြားခဲ့သည်။
၂၀	အစိုးရရွေးကောက်ပွဲကော်မရှင်ဥက္ကဌဦးတင်အေးက လွှတ်တော်နှစ်ရပ်လုံးတွင်ရော တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင်ပါ လစ်လပ်နေသည့်နေရာ ၃၀ အားပြန်ဖြည့်ရန်အတွက် နှစ်ကုန်ပိုင်းတွင်ကြားဖြတ်ရွေးကောက်ပွဲတခုကျင်းပမည်ဟုကြေငြာခဲ့သည်။
၂၂	ရန်ကုန် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် လူထုလူ့အဖွဲ့အစည်းများ၊ NGO များ၊ ကျောင်းသားများနှင့်ဒေသခံများအပါအဝင် ဆန္ဒပြသူ ၃၀၀ ခန့်တို့သည် ဆန္ဒပြပွဲတခုပြုလုပ်ကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပိုဒ် ၅၉ (ဃ) နှင့် ၅၉ (စ) တို့ကိုပြင်ဆင်ရန်တောင်းဆိုခဲ့သည်။
၂၂	မန္တလေးတိုင်းမိုးကုပ်တွင် ဒေါ်အောင်ဆန်းစုကြည်က လူ ၃၀၀၀ ခန့်အား ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန်မလိုအပ်ပဲ မြန်မာနိုင်ငံသည်ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဟုပြောကြားသူများသည် "ပြည်သူများကိုလှည့်ဖျားသူများ" သာဖြစ်သည်ဟုပြောကြားလိုက်သည်။
၂၃	တက်ကြွလှုပ်ရှားသူ ၁၀၀ ခန့်တို့သည် ရန်ကုန်မှမြစ်ဆုံရေကာတာနေရာသို့ ၂ လတာကြာမြင့်မည့် ကီလိုမီတာ ၁၂၀၀ ခရီးရှည်ချီတက်ပွဲအားစတင်လိုက်ကာ ထိုရေကာတာစီမံကိန်းအားထာဝရရပ်တန့်ပေးပါရန်အစိုးရအားတောင်းဆိုလိုက်သည်။
၂၃	ရန်ကုန်မှဗြောက်မြို့နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့်ဧရာဝတီတိုင်းတို့မှ ဆန္ဒပြသူ ၃၀၀၀ နီးပါးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်ဆန္ဒပြခဲ့ကြသည်။
၂၄	ရန်ကုန် သင်္ဃန်းကျွန်းမြို့နယ် ရပ်ကွက်သုံးခုမှလူ ၂၀၀ ခန့်တို့သည် ရန်ကုန်ဗဟိုတရားရုံးရှေ့တွင်သပိတ်စခန်းဖွင့်ကာ ၁၉၉၀ ခုအစောပိုင်းက စစ်တပ်ကသူတို့ထံမှသိမ်းယူသွားခဲ့သော မြေများကိစ္စအားစုံစမ်းစစ်ဆေးပေးပါရန် တောင်းဆိုလိုက်သည်။
၂၄	ထိုင်းနိုင်ငံတပ်ခ်ခရိုင် မယ်လ IDP စခန်းတွင်တဲ ၁၉ လုံးမီးထဲပါသွားကာ ၃၁ လုံးအားမီးကူးစက်ခြင်းမရှိစေရန် ကာကွယ်သည့်အနေဖြင့် ဖြိုဖျက်ခဲ့ရပြီးလူ ၃၀၀ နီးပါးခန့်အိုးအိမ်မဲ့ခဲ့ရသည်။
၂၄	ရန်ကုန် အင်းစိန်နှင့်မရမ်းကုန်းမြို့နယ်များမှလူ ၁၀၀၀ ကျော်ခန့်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန်အတွက် တောင်းဆိုရန် သီးခြားဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။
၂၄	နေပြည်တော်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဖူမီယိုကစ်ရှီဒါ Fumio Kishida က မြန်မာနိုင်ငံအားချေးငွေအသစ်အနေဖြင့် ယမ်း ၂၄ ဘီလီယမ် (အမေရိကန်ဒေါ်လာ ၂၃၄.၇၇ သန်း) ချေးရန်ကတိပေးခဲ့ကာ တိုင်းရင်းသားဒေသများမှ UNHCR၊ UNICEF နှင့် WFP အစီအစဉ်တို့အပါအဝင် ရှေ့ဆောင်လုပ်ငန်းများအား ထောက်ပံ့သွားရန်အတွက်ကူညီငွေယမ်း ၇.၇ ဘီလီယမ် (အမေရိကန်ဒေါ်လာ ၇၅.၂၃ သန်း) ပေးရန်လည်းလက်မှတ်ထိုးခဲ့သည်။
၂၆	အမျိုးသားလွှတ်တော်ဥက္ကဌဦးရွှေမန်းနှင့်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲအတွင်း ဒေါ်အောင်ဆန်းစုကြည်က သမ္မတဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်တို့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်ကိစ္စဆွေးနွေးရန် ပူးတွဲပန်ကြားထားမှုအား သမ္မတဦးသိန်းစိန်မှတုန့်ပြန်မှုကို သူတို့စောင့်ဆိုင်းနေကြပါသည်ဟုပြောကြားလိုက်သည်။
၂၆	ရခိုင်ပြည်နယ်မောင်တောမြို့နယ်ဒိုးတန်းရွာတွင် ရခိုင်များကရိုဟင်ဂျာပိုင်ဂိုထောင် ၇ လုံးအားမီးရှို့ဖျက်ဆီးခဲ့ကြသည်။
၂၇	နေပြည်တော်တွင်ပြုလုပ်သော တပ်မတော်နေ့အခမ်းအနားတွင်ပြောကြားသောမိန့်ခွန်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအား အခန်း ၁၂ တွင်ဖော်ပြထားသောဥပဒေအရလိုက်နာပြုလုပ်ရမည်ဟုပြောကြားလိုက်ကာ ထိုဥပဒေများသည် စစ်တပ်အားဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအတွက် ထိရောက်သောဗီတိုအာဏာသုံးရန် ခွင့်ပြုထားသည်။
၃၀	ပဲခူးတိုင်းပြည်ခရိုင်မှလယ်သမား ၁၀၀၀ ခန့်တို့သည် စစ်တပ်မှသိမ်းယူထားသောလယ်မြေဧက ၂ သောင်းကျော်တို့အားပြန်ပေးရန်တောင်းဆိုရန်အတွက် ဆန္ဒပြခဲ့ကြသည်။

မတ်လအတွင်းထွက်ရှိခဲ့သောမြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာများ

"ပင်လယ်မှကျွန်ပြုမှုစနစ် - ထိုင်းငါးဖမ်းလုပ်ငန်းများမှလူကုန်ကူးခံရွှေ့ပြောင်းလုပ်သားများ၏ဆိုးဝါးဆဲဖြစ်ရပ်များ" သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှုဖောင်ဒေးရှင်း Environmental Justice Foundation (EJF) http://bit.ly/1dZPHQT

"WJP တရားဥပဒေစိုးမိုးမှုအညွှန်း ၂၀၁၄" ကမ္ဘာ့တရားမျှတမှုပရောဂျက် World Justice Project (WJP) http://bit.ly/MRHZRD

"ဒီမိုကရက်တစ်ကိုရီးယားပြည်သူ့သမ္မတနိုင်ငံနှင့်ပတ်သက်သောစစ်ရေးနှင့်လုံခြုံရေးဆိုင်ရာဖွံ့ဖြိုးမှု ၂၀၁၃" အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန US Department of Defense http://1.usa.gov/1icWkXq

“မြန်မာ - အိုးအိမ်မှဖယ်ရှားခံရသူဒုက္ခသည်များ၏အခွင့်အရေးအားကာကွယ်ရန်ချက်ချင်းလုပ်ဆောင်ပါ” အပြည်ပြည်ဆိုင်ရာဒုက္ခသည်များအဖွဲ့ Refugees International http://bit.ly/1j3v5e1

“ရင်းနှီးမြှုပ်နှံမှု မူဝါဒပြန်လည်သုံးသပ်မှု - မြန်မာ ၂၀၁၄” စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးမှုအဖွဲ့ Organization for Economic Co-Operation and Development (OECD) http://bit.ly/1kHqxMl

“မြန်မာ့ရေအားလျှပ်စစ်အားထိန်းချုပ်ခြင်းနှင့်ပဋိပက္ခများအားညှိနှိုင်းခြင်း” လုံခြုံရေးနှင့်ဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာအင်စတီကျူ့ Institute for Security and Development Policy (ISDP) http://bit.ly/NNfJzW

“မြန်မာနိုင်ငံမှမျိုးဖြုတ်သတ်ဖြတ်ရေးသို့ချီတက်ခြင်း” မျိုးဖြုတ်သတ်ဖြတ်ခြင်းများအဆုံးသတ်ရန်စည်းလုံးခြင်းအဖွဲ့ United to End Genocide (UEG) http://bit.ly/1ljEOBI

“မြန်မာစစ်တပ်မှ အရပ်သားများအားစီစစ်ခွဲခြားမှုမရှိသောတိုက်ခိုက်မှုများနှင့်ရည်ရွယ်ချက်ရှိရှိသတ်ဖြတ်မှုများအားကာကွယ်ခြင်း” နိုင်ငံတကာလူ့အခွင့်အရေးကလင်းနစ် International Human Rights Clinic (IHRC) http://bit.ly/1lgs9PM

“အထူးကိုယ်စားလှယ်၏မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေအပေါ်အစီရင်ခံစာ” သောမတ်စ်အိုဂျေကွင်တားနား Tomás Ojea Quintana http://bit.ly/1gnmlMy

“ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းစီးပွားရေး၏သက်ရောက်မှု ၂၀၁၄ခု မြန်မာနိုင်ငံ” ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းကောင်စီ World Travel & Tourism Council http://bit.ly/1rWXEQq

“အချက်အလက်များခြစားခြင်း - မြန်မာနိုင်ငံမှသစ်ခုတ်ခြင်းများ၏ပမာဏအမှန်ကိုတင်ပြခြင်း” သဘာဝပတ်ဝန်းကျင်စုံစမ်းစစ်ဆေးရေးအေဂျင်စီ Environmental Investigation Agency (EIA) http://bit.ly/1hbcyJJ

“မြန်မာနိုင်ငံ၏ဒီမိုကရေစီနှင့်ဖွံ့ဖြိုးရေး” UK အောက်လွှတ်တော် နိုင်ငံတကာဖွံ့ဖြိုးရေးကော်မတီ UK House of Commons International Development Committee http://bit.ly/1lyXZaH